ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့ (6-5-2013) (၇၄၇၂)

**မိမိတို့၏ အမျိုးသားရေးမျှော်မှန်းချက်သည် လွတ်လပ်ပွင့်လင်းပြီး အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးဖြစ်စဉ်နှင့် တန်းတူရည်တူ ယှဉ်ပြိုင်နိုင်ခွင့်ရှိသည့် စီးပွားရေးဖြစ်စဉ်များဖြင့် တည်ဆောက်ထားသည့် မြန်မာနိုင်ငံတော်သစ် (New Myanmar)ကို တည်ဆောက်ရန်ဖြစ်ပါကြောင်း။**

# အမျိုးသားရေး မျှော်မှန်းချက်နှင့် ပန်းတိုင်ကိုရောက်ရှိအောင် ကြိုးပမ်းရာတွင် အားလုံးပါဝင်ဆောင်ရွက် ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး ပြည်သူကို ဗဟိုပြုသည့်စနစ်ဖြင့် အုပ်ချုပ်နိုင်ရေး ပြောင်းလဲဆောင်ရွက်နေ

နေပြည်တော် မေ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ တောင်သူပညာပေး ဇေက ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးစောထွန်းအောင်မြင့်၊ ဖလုံစဝေါ်ပါတီဥက္ကဋ္ဌ ဦးစောသိန်းအောင်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်း၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ ချင်းအမျိုးသားပါတီ (CNP) အထွေထွေအတွင်းရေးမှူး ဦးငယ်ပီးထီယံအုပ်ထန်း၊ ချင်းတိုးတက်ရေးပါတီ (CPP) ဥက္ကဋ္ဌ ဦးနိုထန်ကပ်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ) အတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးဟန်ရွှေ၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ ဦးကောင်းမြင့်ထွဋ်၊ ခေတ်သစ်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးမျိုးညွန့်၊ အမျိုးသားဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးထွန်းရွှေ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ ဦးနေမျိုးဝေ၊ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးသည့် ကာလမှာ နှစ်နှစ်ကျော်ရုံလေးသာ ရှိပါသေးကြောင်း၊ လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် ဒီမိုကရေစီအလေ့အထနှင့် ကျင့်စဉ်များ ယဉ်ပါးမှုမရှိသေးသည့်အပြင်အတွေ့အကြုံလည်း မရှိသဖြင့် ပြုပြင်ပြောင်းလဲရေး စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ဒုတိယဥက္ကဋ္ဌ စတီဖင်ဂျရှဖ်။

## အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့က မြန်မာနိုင်ငံစီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်ရန်အားပေး

မောင်သာယာ

အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)တို့က မြန်မာနိုင်ငံက ရည်မှန်းချက်ထားဖော်ဆောင်နေသည့် ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေး စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်သွားရန် မေ ၄ ရက်က ထောက်ခံအားပေးလိုက်သည်။

အေဒီဘီ၏ နှစ်ပတ်လည်အစည်းအဝေးတစ်ရပ်တွင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ရာ အေဒီဘီနှင့် အိုင်အမ်အက်ဖ် တာဝန်ရှိသူများက မြန်မာနိုင်ငံသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ပိုင်စီးပွားရေးနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများ တည်ဆောက်ရန် လမ်းကြောင်းမှန်ပေါ်ရောက်နေပြီဟု ပြောကြားသည်။ စာမျက်နှာ ၉ ကော်လံ ၆ သို့ ❖



အိုင်အမ်အက်ဖ် ဒါရိုက်တာ အန္တပ်ဆင်း။



တစ္ဆာခကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်၊
မြန်မာ့ရေတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၃) နှစ်ကြာပါသည်၊
ကျွန်မကသစ်တောတက္ကသိုလ်ကျောင်းသူတစ်ယောက်ဖြစ်ပြီး သစ်တောကြိုးဝိုင်းများသို့သွားကာ လက်တွေ့လေ့လာကွင်းဆင်းမှုများကို ရက်ပေါင်းများစွာပြုလုပ်ရပါသည်၊နေဒဏ်၊လေဒဏ်တို့ကြောင့် တောဆင်းပြီးသည့်အခါတိုင်း အသားအရေနှင့်ပတ်သတ်၍ အလွန်စိတ်ဆင်းရဲမိပါသည်။ ကျွန်မတို့ကိုအုပ်ချုပ်သည့်တီချယ်မှာတော့ သနပ်ခါးဖွေးဖွေးလေးနဲ့ အရင်လိုပဲကြည့်ကောင်းနေပါသည်၊ တီချယ့်နားကပ်ကာလျှို့ဝှက်ချက်ကိုမေးကြည့်တော့ **"တီချယ့်မှာဘာလျှို့ဝှက်ချက်မှမရှိပါဘူး။ ရွှေပြည်နန်းကဲ့ကော်ဖတ်ဆံသနပ်ခါးပဲ ပုံမှန်လိမ်းတာ(၃)နှစ်လောက်တော့ရှိပြီ၊ အစတုန်းကfieldထဲကိုလာတိုင်း အသားအရေတွေပျက်စီးလိုက်တာ၊ တီချယ့်မိတ်ဆွေဆရာဝန်တစ်ယောက်ကို အကြံဉာဏ်တောင်းတော့ သူကရွှေပြည်နန်းကိုညွှန်းလို့သုံးဖြစ်သွားတာ၊ ပုံမှန်လိမ်းရင် အသားအရေလည်းပိုကောင်းလာပြီး နေဒဏ်၊လေဒဏ်လဲခံနိုင်တယ်၊"**လို့ပြောပြခဲ့ပါတယ်။ ခုတော့ ရွှေပြည်နန်းကြောင့် အသားအရေနဲ့ပတ်သက်တဲ့ စိတ်ညစ်စရာတွေမဖြစ်တော့ပါဘူး။ ရွှေပြည်နန်းမသုံးဘူးသေးတဲ့သူတွေအားလုံးကိုလည်းစေတနာအပြည့်နဲ့တိုက်တွန်းလိုက်ပါတယ်၊ သုံးဖူးအောင်သုံးကြည့်ကြပါလို့။ **မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု** မရေရည်လွင် (စတုဗ္ဗနှစ်) သစ်တောတက္ကသိုလ်၊ တောင်တွင်ကြီးမြို့နယ်၊ မကွေးတိုင်း၊ ထပ်ဆင့်တောက်စ်သူ–မောင်သန်းစော (Final Part 2) ဆေးတက္ကသိုလ်၊ မကွေးတိုင်း၊

**ကြေးမုံ စာတည်းရှုထောင့်** **၆-၅-၂၀၁၃၊ တနင်္လာနေ့**

# မှန်မြတ်သည့်စိတ်ထားဖြင့် လုပ်ကိုင်

ပြည်သူလူထုအကျိုး၊ ပြည်သူတို့၏လူမှုစီးပွားဘဝတို့ကို ကူညီဖော်ဆောင်ပေးကြရာတွင် အပြုသဘောဆောင်၊ အကောင်းမြင်စိတ်ထားကာ စေတနာသန့်သန့်ဖြင့် ကူညီဆောင်ရွက်ပေးခြင်းသည် မှန်မြတ်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

ထိုသို့မဟုတ်ဘဲ ပြည်သူလူထု၏ လိုအပ်ချက်ကို အကြောင်းပြု၍ အဘက်ဘက်တွင် အခက်အခဲအကျပ်အတည်းဖြစ်အောင် အပြုသဘောမဆောင်သည့်ပြုမူမှုများ၊ ဆောင်ရွက်မှုများကို သတိထားရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။

မျက်မှောက်ကာလသည် ထင်သာမြင်သာရှိပြီး လွတ်လပ်ပွင့်လင်းသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နေသော အချိန်ကာလဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ရာတွင် ပွင့်လင်းမြင်သာသည့် အပြုအမူများမှာ အများပြည်သူလိုလားသည့် ဆောင်ရွက်ချက်များဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံနှင့်ပြည်သူအကျိုး များရာများကြောင်း အရေးကိစ္စများကိုသာ ဦးတည်ရှေးရှု၍ အပြုသဘောဆောင်ကာ အကောင်းမြင်စိတ်ထားများဖြင့် နိုင်ငံတည်ဆောက်ရေးတွင် ဝိုင်းဝန်းကူညီကြရမည်ဖြစ်ပါသည်။

သို့တည်းမဟုတ် ပြည်သူလိုလားချက်ကို အကြောင်းပြု၍ အခက်အခဲအကျပ်အတည်းဖြစ်အောင် တွန်းပို့ပေးခြင်း၊ အဆင်းဘီးတပ်ပေးခြင်း၊ ချောဆီထည့်ပေးခြင်း စသည့်အပြုသဘော မဆောင်သော ဆောင်ရွက်ချက်များသည် ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်စေနိုင်သည့် မမှန်ကန်သောလုပ်ဆောင်မှုဟုဆိုရမည်ဖြစ်သည်။

ယနေ့ကာလ၌ နိုင်ငံတည်ဆောက်ရေးကို ပြည်သူအများစုက စိတ်ထားမှန်မြတ်စွာဖြင့် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်နေသော အချိန်အခါတွင် အနည်းငယ်သော လူတစ်စုက ဒီမိုကရေစီ၏ သဘောသဘာဝကို မသိ၍ဖြစ်စေ၊ တမင်သိသိနှင့်ဖြစ်စေ ရိုးသားဖြူစင်သော ပြည်သူများကို ခုတုံးလုပ်၍ မလျော်ကန်သော လုပ်ဆောင်မှုများလုပ်ဆောင်လာသည်ကို တွေ့ရပေသည်။

ထိုလုပ်ဆောင်မှုများသည် ဒီမိုကရေစီခရီးပန်းတိုင်နှင့် အလှမ်းဝေးကွာစေသဖြင့် ပြည်သူများအနေဖြင့် သတိထားရှောင်ရှားတတ်ရန်နှင့် ဖြစ်ပေါ်လာမှုများကိုလည်း ဝိုင်းဝန်းကာကွယ်တားဆီးကြဖို့ လိုမည်ဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် လွတ်လပ်ရေးမရခင် ကာလကတည်းက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံ၏အခြေအနေကို မိန့်ကြားခဲ့သည်။ အမြော်အမြင်ကြီးမားသည့် ဗိုလ်ချုပ်အောင်ဆန်း၏နောက်ဆုံးမိန့်ခွန်းကို ပြည်သူများအနေဖြင့်လည်း ပြန်လည် အမှတ်ရနေကြဦးမည်ဖြစ်ပေသည်။

"လွတ်လပ်ရေးဆိုတာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာ လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါ အခွင့်အရေးတွေပိုရလာသလို တာဝန်တွေလည်း ပိုလာမယ်။ လွတ်လပ်ရေးရတဲ့အခါ မြန်မာပြည်ကို ကာကွယ်ရန် တာဝန်ဟာ မြန်မာတွေရဲ့အဓိကတာဝန်ဖြစ်တယ်။

"မြန်မာတွေစိတ်ဓာတ်က မဟုတ်တဲ့နေရာမှာ သွားပြီးကောင်းနေတယ်။ တကယ့်နေရာတွေကျတော့ အသုံးမကျဘူး၊ မြန်မာပြည်လွတ်လပ်ရေးရအောင်ဆိုတာမျိုးမှာ အသုံးမချတတ်ဘူး၊ မြန်မာပြည်ပြန်လည်ထူထောင်ရေးလုပ်တဲ့ နေရာမျိုးမှာ အသုံးမချတတ်ဘူး၊ မြန်မာမြန်မာချင်း ချဖို့ပဲလုပ်ချင်ကြတယ်"ဟု ပွင့်ပွင့်လင်းလင်းမိန့်ကြားထားသည်။

ယနေ့မျက်မှောက်ကာလသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေသောကာလဖြစ်သည်။ နိုင်ငံတည်ဆောက်ရေးသည် သိမ်မွေ့နူးညံ့လှသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်လုပ်ကိုင်ကြဖို့လိုပြီး ဗိုလ်ချုပ်ပြောကြားထားသကဲ့သို့ မြန်မာမြန်မာချင်းချသည့်အလုပ်များကို ရှောင်ရှားကြပြီး နိုင်ငံတည်ဆောက်ရေးကို အပြုသဘောဖြင့် ဝိုင်းဝန်းကြိုးပမ်းလုပ်ကိုင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၅**

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ(၁/၂၀၁၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဒေါ်ဝင်းမော်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဘုန်းတော်ကြီးကျောင်းပညာရေးဆောင်ရွက်နေကြသော သံဃာတော်များ၊ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများ၊ INGO နှင့် ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာသော ကိုယ်စားလှယ်များက ထိုင်းနိုင်ငံ၌ ရောက်ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် အထောက်အထားများထုတ်ပေးရေး စခန်း ၁၁ ခု၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ၎င်းတို့၏ သားသမီးများနှင့် မှီခိုသူများအတွက် ပညာသင်ကြားရေးကိစ္စရပ်များ၊ ကျန်းမာရေး၊ မိသားစုလွှဲပို့ငွေဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၁၀ နှစ်တာအတွင်း မီးလောင်မှုများတွင် ၂၀၁၂ ခုနှစ်က လောင်ကျွမ်းမှု အကြိမ်ရေအများဆုံးဖြစ်

**ရန်ကုန် မေ ၅**

၁၀ နှစ်တာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားသည့်ဖြစ်စဉ်များအနက် ၂၀၁၂ ခုနှစ်တွင်ဖြစ်ပွားမှုမှာ အကြိမ်ရေအများဆုံးဖြစ်ခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၀ နှစ်တာ ကာလအတွင်းတွင် မီးလောင်ကျွမ်းမှု အကြိမ်အရေအတွက်သည် စုစုပေါင်း ၈၉၀၃ ကြိမ် လောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကြောင့် အဆောက်အအုံ ၅၁၂၉၀ ဆုံးရှုံးကာ ဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းမှာ ကျပ်သန်း ၈၈၇၂၆ ဒသမ ၈၁ ဖြစ်ခဲ့ကြောင်း၊ ထို ၁၀ နှစ်တာကာလအတွင်းတွင် ၂၀၀၃ ခုနှစ်တွင် အကြိမ် ၇၆၀၊ ၂၀၀၄ ခုနှစ်တွင် ၉၅၆ ကြိမ်၊ ၂၀၀၅ ခုနှစ်တွင် ၈၃၅ ကြိမ်၊ ၂၀၀၆ ခုနှစ်တွင် ၈၃၃ ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် ၉၄၄ ကြိမ်၊ ၂၀၀၈ ခုနှစ်တွင် ၇၉၉ ကြိမ်၊ ၂၀၀၉ ခုနှစ်တွင် ၇၁၄ ကြိမ်၊ ၂၀၁၀ ခုနှစ်တွင် အကြိမ် ၉၂၀၊ ၂၀၁၁ ခုနှစ်တွင် ၉၂၃ ကြိမ် စသည်ဖြင့် လောင်ကျွမ်းခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၁၂၁၉ ကြိမ်အထိ အကြိမ်အရေအတွက် အများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။ ၁၀ နှစ်တာအတွင်း မီးလောင်ဆုံးရှုံးမှုတန်ဖိုးတွင်မူ ၂၀၁၂ ခုနှစ်ကတန်ဖိုးထက် ၂၀၁၀ ကာလကဆုံးရှုံးမှုသည် ပိုများကြောင်း သိရသည်။

၂၀၁၂ ခုနှစ်တွင် လောင်ကျွမ်းရသော မီးလောင်ကျွမ်းမှုဖြစ်စဉ်များတွင် ပေါ့ဆမီးမှာ ၄၆၇ ကြိမ်ဖြင့် အများဆုံး လောင်ကျွမ်းပြီး မီးဖိုမီးမှာ ၃၂၈ ကြိမ်ဖြင့် ဒုတိယအများဆုံး လောင်ကျွမ်းခဲ့ကာ လျှပ်စစ်ပစ္စည်းများမှ ဖြစ်ပွားသောမီးလောင်ကျွမ်းမှုမှာ ၂၂၄ ကြိမ်ဖြင့် တတိယအများဆုံး ဖြစ်ကြောင်း သိရသည်။

**(ထက်ခိုင်-စမ်းချောင်း)**

**မီး**
**သတိပြု**




## အခြေခံယာဉ်မောင်းသင်တန်း တောင်ကြီးတွင် လစဉ်ဖွင့်မည်

**တောင်ကြီး မေ ၅**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ တောင်ကြီးတွင် အခြေခံယာဉ်မောင်းသင်တန်း အထူးသင်တန်း ၈ ရက်နှင့် ပုံမှန်သင်တန်း ၁၈ ရက်တို့ကို မေ ၁၁ ရက်မှ စတင်ပြီး ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ ပုံမှန်သင်တန်းတွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ သင်တန်းနှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိသင်တန်း နှစ်မျိုးကို (စနေ၊ တနင်္ဂနွေ)မပါ သင်ကြားမည်ဖြစ်ပြီး အထူးသင်တန်းကို (စနေ၊ တနင်္ဂနွေ) တစ်ပတ် နှစ်ရက်သင်တန်းတွင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ပုဂ္ဂလိကသင်တန်းများနည်းတူ ရန်ကုန်၊ မန္တလေးမြို့များတွင် သင်ကြားပေးနေသည့် အင်ဂျင်နီယာမှူးများ၊ အင်ဂျင်နီယာများနှင့် ဝါရင့်ယာဉ်မောင်းများက စာတွေ့၊ လက်တွေ့ပို့ချသွားမည်ဖြစ်ပြီး ခေတ်မီအထောက်အကူပြုစက်ကိရိယာများဖြင့် သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းတွင် ယာဉ်မောင်းနှင်မှုတတ်ကျွမ်းရုံမျှမက ယာဉ်တစ်စီး၏ အခြေခံသဘောတရားနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား သင်ကြားပေးမည့်အပြင် သင်တန်းပြီးဆုံးပါက အလုပ်အကိုင်ရရှိရေး၊ သင်မောင်းလိုင်စင် သုံးလပြည့်ပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက (ခ)လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးမည်။ သင်တန်းကြေး ကျပ် ၆၂၀၀၀ သတ်မှတ်ထားကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၈၁-၂၁၂၇၂၂၀၊ ၂၁၇၀၀၆၊ ၀၉-၄၂၈၃၁၁၇၀၂၊ ၀၉-၄၅၈၀၄၃၃၈၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် အဆိုပါယာဉ်မောင်းသင်တန်းများကို ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပခုက္ကူ၊ တောင်ကြီး၊ လားရှိုး၊ မော်လမြိုင်၊ ပြည်၊ လှိုင်ကော်၊ ဟသ်ာတ စသည့်မြို့များတွင် လစဉ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(နိုင်ထွန်း-TGI)**

"ရွှေပင်ရိုက်မှရွှေသီး သီးမည်" ပညာရေးဝန်ကြီးဌာန
ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်နံပါတ် (ကက-၀၃/၀၉/၀၀၂)
ရွှေပင်ရွှေသီး
ကိုယ်ပိုင်အထက်တန်းကျောင်း
မူလတန်း၊ အလယ်တန်း၊ အထက်တန်း

ရန်ကုန်မြို့အနှံ့ ကြို/ပို့ကားရှိသည်။
ဘော်ဒါ ကျား/မ (သီးသန့်) တန်းခွဲသစ်များထပ်မံဖွင့်လှစ်ပေးနေပါပြီ။
✳ ကိုယ်ပိုင်ကျောင်းဥပဒေနှင့်အညီ ဖွင့်လှစ်ထားတယ်။
✳ အကောင်းဆုံးအတွေ့အကြုံရှိ ဆရာ/ဆရာမများဖြင့် သင်ကြားရမည်။
✳ ကျောင်းစာတွင်သာမက ဘက်စုံထူးချွန်သူများ နှစ်စဉ်ပေါ်ထွက်စေသည်။
✳ သပ်ရပ်ကျယ်ဝန်း၍ လုံခြုံရေးစိတ်ချရသော နှစ်ထပ်အဆောက်အဦနှင့် ကျောင်းဝန်းပါရှိသည်။
✳ အချက်အချာကျ၍ သွားလာရေးလွယ်ကူသောနေရာ၌ တည်ရှိတယ်။
အမှတ် (၅၃)၊ လေးထောင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-564899, 09-5192547, 09-73005429
www.shwepinshwethee-edu.com

## ပြည်တွင်းရေးရာ

# ပြည်သူလူထုပူးပေါင်းပါဝင်မှုအားကောင်းလျှင် မီးဘေးအန္တရာယ်လျော့နည်းမည်
# မီးဘေးလုံခြုံရေးလုပ်ငန်းများကို ပြည်သူဗဟိုပြု ပူးပေါင်းဆောင်ရွက်

**ရန်ကုန် မေ ၅**

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုစစ်ရေးပြအခမ်းအနား၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီလမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ယနေ့ နိုင်ငံတော်တွင် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသကဲ့သို့ မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကိုလည်း ပြည်သူလူထုအတွက် ပိုမိုပြည့်စုံပြီး ထိရောက်မှုရှိသည့် ရည်မှန်းချက် တာဝန်(၄)ရပ်အဖြစ် ပြောင်းလဲသတ်မှတ်ပေးခဲ့ကြောင်း၊ ထိုရည်မှန်းချက်တာဝန်(၄)ရပ်မှာ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုးများ မြင့်တက်လာတတ်သည့် သဘောသဘာဝရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် အရင်းအနှီးများကို မီးလောင်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရေးသည် တပ်ဖွဲ့ဝင်များ၏ တာဝန်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်က ခေတ်မီ မီးသတ်စခန်းများ၊ မီးသတ်ယာဉ်များ၊ ခေတ်မီ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများတိုးချဲ့တပ်ဆင်ခြင်း၊ ခေတ်မီနည်းပညာရပ်များ အသုံးပြုပြီး မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက မြန်မြန်သိပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်နှင့် တစ်နေရာတည်းမှ ကြည့်ရှုကွပ်ကဲ ကြပ်မတ်နိုင်ရန်အတွက် ရန်ကုန်မြို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၌ Command and Control Center ထူထောင်ပေးခဲ့ကြောင်း။

မြန်မာနိုင်ငံ၌ နှစ်စဉ်ကြုံတွေ့ရသည့် မီးလောင်မှုများကို ပြန်လည်စိစစ်ကြည့်သည့်အခါ သတိမပြုဂရုမစိုက်သည့် ပေါ့ဆမီးသည် ၆၅ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ထိုအချက်ကိုကြည့်လျှင် ပြည်သူလူထုအတွင်း မီးဘေးလုံခြုံရေးအသိပညာ စိမ့်ဝင်ပျံ့နှံ့နေအောင်ဆောင်ရွက်ရန် လိုအပ်သည်ကို အထင်အရှား တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း၌ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာန (Fire Services Research & Fire Safety Education Center) ကို ယနေ့တွင် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း။

ပြည်သူများ၏ ဘဝအေးချမ်းစေရေး၊ စိတ်နှလုံးချမ်းမြေ့မှုရှိစေရေး၊ ပြည်သူများ၏ ဘဝလုံခြုံစိတ်ချမှုရှိစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှုအားကောင်းလာလျှင် မီးဘေးအန္တရာယ်လျော့နည်းသွားမည် ဖြစ်သကဲ့သို့ ပြည်သူလူထုကလည်း မီးသတ်တပ်ဖွဲ့အပေါ် ယုံကြည်အားကိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ပြည်သူလူထုအားကိုးယုံကြည်မှုရှိအောင် မီးသတ်တပ်ဖွဲ့ဝင်တိုင်း စွမ်းဆောင်ရည်မြှင့်တင်ကြရန်၊ မီးသတ်တပ်ဖွဲ့၏ အစဉ်အလာကောင်းများ ထိန်းသိမ်းကြရန် မှာကြားလိုကြောင်း၊ မီးလောင်မှုများ လျော့နည်းကျဆင်းစေရေးအတွက် မီးဘေးလုံခြုံရေးလုပ်ငန်းများကို ပြည်သူကိုဗဟိုပြုပြီး ပူးပေါင်းဆောင်ရွက်ကြရန်၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာန အသီးသီးနှင့် ပူးပေါင်းပြီး အလေးထားဆောင်ရွက်ကြရန်၊ သဘာဝဘေးဖြစ်ပေါ်လာလျှင်လည်း အမြန်ဆုံးရှာဖွေကယ်ဆယ်နိုင်ရန်အတွက် စွမ်းဆောင်ရည်ပြည့်ဝအောင် စုပေါင်းလေ့ကျင့်ထားကြပြီး အသင့်ရှိကြရန်၊ ပြည်သူလူထုက အားကိုးယုံကြည်အောင် ပြည်သူလူထုအတွက် မွန်မြတ်သည့်စိတ်ထားဖြင့် ပြည်သူလူထုအကျိုးပြုလုပ်ငန်းများကို ရှေးရှုဆောင်ရွက်သွားကြရန်၊ မိမိတို့ မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းများအောင်မြင်စေရေးအတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအားလုံး ပူးပေါင်းပြီး တက်ညီလက်ညီ ဆောင်ရွက်ကြရန် မှာကြားသည်။





**မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြစဉ်။** (သတင်းစဉ်)

ထို့နောက် စစ်ရေးပြမှူး ညွှန်ကြားရေးမှူး ဦးကျော်သူရ ဦးဆောင်သော စစ်ကြောင်းတပ်ခွဲများနှင့် မီးသတ်ယာဉ်အမျိုးမျိုးတို့က ပြည်ထောင်စုဝန်ကြီးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့်စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင် ၃၉ ဦးအား တစ်ဦးချင်းဆုချီးမြှင့်ခဲ့သည်။

မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာန အဆောက်အအုံဖွင့်ပွဲကို မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း မြေနီကုန်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက မီးသတ်သုတေသနနှင့်မီးဘေးလုံခြုံရေး အသိပညာပေးရေး အဆောက်အအုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး မီးသတ်ပစ္စည်းကိရိယာပြခန်းနှင့် မီးဘေးလုံခြုံရေးအသိပညာပေးပြတိုက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကလောတွင် မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်၊ ကူညီကယ်ဆယ်

**ကလော မေ ၅**

ရှမ်းပြည်နယ် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် လူနေအိမ်အဆောက်အအုံများ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ဖြစ်စဉ်မှာ မေ ၂ ရက် နံနက် ၁ နာရီခွဲခန့်တွင် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနှင့် တောင်ပဲ့ကျေးရွာအုပ်စုတို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် လူနေအိမ် အဆောက်အအုံ ၅၁ လုံး၏ အမိုးများ လန်ထွက်ပျက်စီးကြောင်း သိရသည်။

အခင်းဖြစ်နေရာ ညောင်ကုန်းကျေးရွာသို့ ကလောတပ်နယ်မှူး ဗိုလ်မှူးအေးဝင်းနှင့် နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်သူဝင်း ဦးစီးပြီး အင်အား ၄၀ ရှိ အဖွဲ့တို့က စားသောက်ဖွယ်ရာမျိုးစုံနှင့် ဆန်အိတ်များ လှူဒါန်းကြပြီး တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူး၊ ကလောမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး အမိုးလန်ပျက်စီးနေသည့် နေအိမ် ၅၁ လုံးအား ရပ်ရွာမှ ပြန်လည်ပြုပြင်လျက်ရှိရာ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေမင်းဖုန်းကျေးရွာအုပ်စုမှာ ကလောမြို့မှ ၁၈ မိုင်အကွာတွင်ရှိပြီး ထိုအရပ်ရှိ ရွှေတွင်းများ ပြိုကျခဲ့ပြီး လူသေဆုံးမှုများလည်းရှိခဲ့သည်။ ယခုအခါ သေဆုံးသူများကို ဖော်ယူခဲ့ကြပြီး ပိတ်မိနေသူများ ကျန်ရှိနေဦးမည်ဟုလည်း ကယ်ဆယ်ရေးသမားများက ဆိုထားရာ ဆက်လက်ရှာဖွေနေကြောင်း သိရသည်။ **စိုင်းတင်ဦး (ရှမ်း/တောင်)**



## နိုင်ငံတကာသတင်း



# မူးယစ်ဆေးဝါးစစ်ပွဲတွင် စီးပွားရေးတိုးတက်မှု အဓိကကျကြောင်း အိုဘားမားပြော

ဆန်ဂျိုး မေ ၅

**လက်တင်အမေရိကနိုင်ငံများ၏ စီးပွားရေးမဖွံ့ဖြိုးသေးသရွေ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ပွဲမှာ အကျိုးရှိရှိအောင်မြင်မည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ပြောကြားခဲ့သည်။**

အလယ်ပိုင်းအမေရိကခေါင်းဆောင်များ ထိပ်သီးစည်းဝေးပွဲသို့တက်ရောက်ရန် ကော်စတာရီကာနိုင်ငံသို့ရောက်ရှိနေစဉ် သမ္မတ အိုဘားမားက ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲတွင် ယင်းဒေသ၌ လှုပ်ရှားနေကြသော မူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့ကြီးများနှင့် ဆက်စပ်နေသည့် အကြမ်းဖက် တိုက်ခိုက်မှုများ ကြီးထွားလာနေသည်ကို ဖြေရှင်းရန်နည်းလမ်းများဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။

ကိုကင်းအများစုကို တောင်အမေရိက၌ ထုတ်လုပ်ပြီး ယင်းဒေသများကို ဖြတ်သန်းကာ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ကြခြင်းဖြစ်သည်။

သောကြာနေ့၌ ကော်စတာရီကာနိုင်ငံ သမ္မတနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲကျင်းပရာတွင် အိုဘားမားက စီးပွားရေးအင်အားချို့ငဲ့သော နိုင်ငံများ၌ ဒုစရိုက်အဖွဲ့အစည်းများ စီးပွားဖြစ်ထွန်းကြသည်ဟု ပြောကြားခဲ့သည်။ **(ယာပုံ)** ယင်းဒေသ၌ မူးယစ်ဆေးဝါးပြဿနာများကို လက်ရှိချဉ်းကပ်မှုများအား ပြန်လည်သုံးသပ်ကြရန် ကော်စတာရီကာနိုင်ငံက တောင်းဆိုခဲ့သည်။

အိုဘားမားသည် သုံးရက်ကြာခရီးစဉ်တွင် ကြာသပတေးနေ့၌ မက္ကဆီကိုသို့ရောက်ရှိပြီး သောကြာနေ့တွင် ကော်စတာရီကာနိုင်ငံ ဆန်ဂျိုးမြို့တော်သို့ ရောက်ရှိခဲ့သည်။ **ဘီဘီစီ။**

# ဆူဒန်ရွှေတွင်းပြိုကျ၊ လူ ၁၀၀ ကျော် သေဆုံးဖွယ်

ခါတွန် မေ ၅

**ဆူဒန်နိုင်ငံ ဒါဖာဒေသ၌ တနင်္လာနေ့က ရွှေတူးဖော်ရေးလုပ်ငန်းတွင် တွင်းတစ်တွင်းပြိုကျခဲ့ရာ လူ ၁၀၀ ကျော် သေဆုံးခဲ့ဖွယ်ရာ ရှိသည်ဟု မေ ၃ ရက် သတင်းတွင် ဖော်ပြသည်။**

သီတင်းပတ်စောစောပိုင်း၌ တာဝန်ရှိသူများက လူ ၆၀ ခန့်သာသေဆုံးခဲ့သည်ဟု ခန့်မှန်းခဲ့ရာမှ တိုးလာခြင်းဖြစ်သည်။

အချို့သော ကယ်ဆယ်ရေးသမားများမှာ ပိတ်မိနေသည်ဟု သတင်းများပေါ်ထွက်လျက်ရှိစဉ် တွင်းများ ထပ်မံပြိုကျမည်ကို စိုးရိမ်နေရကြောင်း တာဝန်ရှိသူများက ပြောကြားလျက်ရှိသည်။



အစိုးရက ၂၀၁၃ ခုနှစ်တွင် ရွှေတန်ချိန် ၅၀ ထုတ်လုပ်နိုင်ရန် မျှော်လင့်လျက်ရှိသည်။ ယင်းသို့ ထုတ်လုပ်နိုင်လျှင် အာဖရိက၌ ရွှေထုတ်လုပ်မှု တတိယအကြီးဆုံးနိုင်ငံဖြစ်လာမည်ဖြစ်သည်။

တနင်္လာနေ့က မြောက်ဒါဖာဒေသ ဂျီဘဲလ်အေမီယာ ရွှေတူးဖော်ရေးလုပ်ငန်း၌ ပြိုကျသောတွင်းမှာ ၁၃၁ ပေနက်သည်။

ဂျီဘဲလ်အေမီယာဒေသဆိုင်ရာ တာဝန်ခံက ကြာသပတေးနေ့တွင် သေဆုံးသူစုစုပေါင်း ၆၀ ဟုပြောခဲ့သော်လည်း သောကြာနေ့တွင်မူ တရားဝင်အရေအတွက်ကို မသိရသေးကြောင်း ဘီဘီစီသို့ ပြောခဲ့သည်။

**ဘီဘီစီ။**

**ဆူဒန်နိုင်ငံ မြောက်ပိုင်းဒေသတွင် ရွှေတူးဖော်ရေးလုပ်ငန်းများ၌ လူအင်အားသုံးကာ ရွှေကျင်နေသည်ကို တွေ့ရစဉ်။**



# အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရသည့် သမိုင်းဝင် မလေးရှားရွေးကောက်ပွဲ လက်ရှိအာဏာရပါတီ အနိုင်ရ

ကွာလာလမ်ပူ မေ ၅

မလေးရှားနိုင်ငံသမိုင်း၌ အကြိတ်အနယ်အရှိဆုံးရွေးကောက်ပွဲအဖြစ် လက်ရှိဝန်ကြီးချုပ် နာဂျစ်ရာဇက်၏ အာဏာရညွန့်ပေါင်းအဖွဲ့နှင့် အတိုက်အခံခေါင်းဆောင် ဒုတိယဝန်ကြီးချုပ်ဟောင်း အန်နဝါအီဘရာဟင်တို့သည် တနင်္ဂနွေနေ့က ယှဉ်ပြိုင်အရွေးခံခဲ့ရာ လက်ရှိအာဏာရညွန့်ပေါင်းအဖွဲ့က အနိုင်ရရှိသွားသည်။

ယခုရွေးကောက်ပွဲမှာ ရာစုနှစ်တစ်ဝက်နီးပါးအတွင်း လက်ရှိအာဏာရညွန့်ပေါင်းအစိုးရအတွက် စိန်ခေါ်မှု အကြီး မားဆုံးဖြစ်သည့် ရွေးကောက်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့သကဲ့သို့ မလေးရှားနိုင်ငံသားများထဲမှ အသက်ပြည့်ပြီးမဲပေးပိုင်ခွင့်ရှိသူ ၈၀ ရာခိုင်နှုန်း မဲပေးခဲ့သည့်အတွက် မဲပေးသူ စံချိန်တင်များပြားခဲ့သည့် ရွေးကောက်ပွဲအဖြစ်လည်း သတ်မှတ်ခံရသည်။

ယခုရွေးကောက်ပွဲမှာ လွှတ်တော်အမတ် ၂၂၂ နေရာအတွက် မဲပေးရွေးချယ်ကြခြင်းဖြစ်ပြီး အနိုင်ရရှိရန် အမတ်နေရာအနည်းဆုံး ၁၁၂ နေရာ ရရှိရန် လိုအပ်သည်။ **ဆင်ဟွာ**







# ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

## တရားမဝင်လိပ်ဥ ၂၀၀၀ခန့် အင်ဒိုနီးရှားရဲ ဖမ်းဆီး

လိပ်ဥများအား တရားမဝင်ရောင်းဝယ်ဖောက်ကားရန် ရည်ရွယ်သူတစ်ဦးအား လိပ်ဥများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က မေ ၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ဖမ်းဆီးရမိသော လိပ်ဥအရေအတွက်မှာ ၂၀၀၀ ခန့်ဖြစ်ပြီး လိပ်များရှင်သန်ကျက်စားရသောဒေသဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်းရှိ Bau Bau မြို့မှ သယ်ဆောင်လာခြင်းဖြစ်ပြီး ဘာလစ်ပါပန်ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ ဘာလစ်ပါပန်မြို့တွင် လိပ်ဥအရေအတွက် တစ်ဒါဇင်ကို အမေရိကန် ဒေါ်လာ ၁၂ ဒေါ်လာ ဈေးရရှိသဖြင့် လိပ်ဥမှောင်ခိုသမားများ ယင်းဈေးကွက်ကို မျက်စိကျလာခြင်းကြောင့် ရဲတပ်ဖွဲ့အနေဖြင့် ယင်းမှောင်ခိုဈေးကွက်ကို ဖျက်ဆီးရန် ကြိုးပမ်းလျက်ရှိနေသည်။ အကြောင်းမှာ လိပ်များကောင်ရေလျော့ကျလာခြင်းနှင့် မျိုးသုဉ်းလာမည့်အန္တရာယ်မှ ကာကွယ်ရန်ဖြစ်ကြောင်း သိရသည်။

## ပထမဆုံးဂြိုဟ်တု ဗီယက်နမ်လွှတ်တင်မည်

ဗီယက်နမ်နိုင်ငံသည် ပြင်သစ်ရင်းနှီးမြှုပ်နှံမှုအကူအညီဖြင့် ၎င်းတို့၏ ပထမဆုံး ပတ်ဝန်းကျင်လေ့လာရေးဂြိုဟ်တုတစ်စင်းကို ဂူယာနာဒေသရှိ Kourou ဒုံးပျံလွှတ်တင်ရေးစင်တာမှ လွှတ်တင်နိုင်တော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြသည်။ VNREDSat-1 အမည်ရှိ အဆိုပါဂြိုဟ်တုစီမံကိန်းကို ပြင်သစ်အစိုးရမှ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၃ သန်း ရင်းနှီးမြှုပ်နှံပြီး ဗီယက်နမ်နိုင်ငံဘက်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ သန်းရင်းနှီးမြှုပ်နှံလုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ယင်း VNRED Sat-1 ဂြိုဟ်တုကို ပြင်သစ်ကုမ္ပဏီ Astrium SAS မှ ဒီဇိုင်းထုတ်ဖန်တီးပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါဂြိုဟ်တု၏ ပုံရိပ်ဖမ်းယူနိုင်စွမ်းမြင့်မားမှုက သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို အသေးစိတ်ပြန်လည်သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပြင်သစ်နိုင်ငံသည် အလေးချိန်ပေါင် ၂၆၀ ရှိကာ ငါးနှစ်သက်တမ်းအသုံးပြုနိုင်သော အဆိုပါဂြိုဟ်တုကို မေ ၃ ရက်က လွှတ်တင်ခဲ့ပြီး မကြာမီကာလတွင် ဗီယက်နမ်နိုင်ငံအတွက် လွှတ်တင်ပေးမည်ဖြစ်သည်။

## ကိုယ်ဝန်ဆောင်မိခင် အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက မွေးလာမည့်ကလေး မှတ်ဉာဏ်ထိခိုက်နိုင်

ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်ချိန်ကာလမှ မွေးဖွားချိန်အထိ အိုင်အိုဒင်းဓာတ် လုံလောက်မျှတအောင် ဖြည့်တင်းစားသုံးမှုမရှိပါက မွေးဖွားလာမည့် ကလေးများအရွယ်ရောက်ချိန်တွင် စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါနှင့် စကားပြေဖန်တီးနိုင်မှုစွမ်းရည်များ လျော့နည်းကျဆင်းစေနိုင်ကြောင်း ဩစတြေးလျသုတေသီများပြုလုပ်ခဲ့သော လေ့လာချက်အသစ်တစ်ခု၏ အဆိုအရ သိရသည်။ ၎င်းတို့၏အဆိုအရ မိခင်များ ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း အိုင်အိုဒင်းဓာတ်လုံလောက်စွာ စားသုံးခဲ့ခြင်းမရှိပါက ကလေးများတွင် မှတ်ဉာဏ်ရည်မတည်ငြိမ်မှုပြဿနာဖြစ်ပွားစေနိုင်ပြီး ၎င်းကလေးများ အသက် (၉)နှစ် အရွယ်သို့ ရောက်ရှိလာပါက ဘာသာရပ်ဆိုင်ရာ စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါနှင့် စကားပြေ ဖန်တီးနိုင်မှုစွမ်းရည်လျော့ကျမှုကို ဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်ဝန်ဆောင်ကာလမှ မွေးဖွားချိန်အထိ တစ်ရက်လျှင် အိုင်အိုဒင်းဓာတ် ၂၂၀ မိုက်ခရိုဂရမ်နှင့် နို့တိုက်ကျွေးနေသည့်ကာလအတွင်း အိုင်အိုဒင်းဓာတ် ၂၉၀ မိုက်ခရိုဂရမ် စားသုံးသင့်ကြောင်း သိရသည်။

## တူရကီလုပ်သေနတ်များ ယီမင်တွင် ဖမ်းမိ

ယီမင်နိုင်ငံကမ်းရိုးတန်းတစ်လျှောက် မောင်းနှင်လာသော စက်လှေတစ်စင်းမှ တူရကီနိုင်ငံလုပ်သေနတ် ၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက မေ ၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းသို့ ဖမ်းဆီးရမိခဲ့ခြင်းသည် လေးကြိမ်မြောက်ဖြစ်ပြီး ယခုနှစ်ဖေဖော်ဝါရီလအတွင်းက တစ်ကြိမ်၊ ယမန်နှစ် နိုဝင်ဘာလအတွင်းက တစ်ကြိမ်၊ ဒီဇင်ဘာလအတွင်းက တစ်ကြိမ် ဖမ်းဆီးရမိခဲ့ကြောင်း၊ မည်သူက မည်သည့်ရည်ရွယ်ချက်ဖြင့် ယင်းသို့လက်နက်များကို တရားမဝင်ခိုးသွင်းနေသည် ဆိုသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနက ဆိုသည်။

▼▼▼ ဟိန်းထက်လင်း စုစည်းဖော်ပြသည် ▼▼▼

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် စွမ်းဆောင်ရည်ဆု ရွေးချယ်ခံရသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ပုသိမ်မြို့၌ကျင်းပ

**နေပြည်တော် မေ ၅**

၂၀၁၃ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့်စွမ်းဆောင်ရည်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား**(အောက်ယာပုံ)**ကို မေ ၄ ရက် ည ၇ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးကိုယ်စားပြု Max Myanmar ဦးဇော်ဇော်ဂုဏ်ပြုဆု ရရှိခဲ့ခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေခြင်းနှင့် ဧရာဝတီတိုင်းသားတစ်ယောက်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် စွမ်းဆောင်ရည်ဆုရရှိအောင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ကာ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လုပ်ကိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စွမ်းဆောင်ရည်ဆု ရွေးချယ်ခံရသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိကြသည့် အကောင်းဆုံး ပို့ကုန် လုပ်ငန်းရှင်ဆုရရှိသူ Golden Delta Co., Ltd. ပိုင်ရှင် ဦးချစ်ခိုင်၊ အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆုအတွက် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ် ရရှိသူ ရေကြည်မြို့ Max Myanmar Co.,Ltd. ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မွေးမြူထုတ်လုပ်မှုအကောင်းဆုံးလူပုဂ္ဂိုလ်ဆုအတွက် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ မအူပင်မြို့နယ် သောင်ဇားကျေးရွာအုပ်စုမှ ဦးရွှေကြိုင်နှင့် သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူဆုအတွက် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ငပုတောမြို့နယ် ကဒက်ချောင်းကျေးရွာမှ အလယ်တန်းပြဆရာ ဦးဆောင်းမင်းကိုတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။




ဆက်လက်၍ နိုင်ငံတော်အဆင့်စွမ်းဆောင်ရည်ဆု ပဏာမရွေးချယ်ခံရသည့် တိုင်းဒေသကြီးအဆင့် အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင်ဆု၊ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးတောင်သူလယ်သမားဆု၊ တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု၊ အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှုအကောင်းဆုံး အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှုအလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု၊ နည်းပညာဆိုင်ရာဆု၊ သိပ္ပံပညာရပ်ဆိုင်ရာဆုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ဆိုင်ရာဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကာ ဂုဏ်ပြုညစာဖြင့် တည့်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လကွ္ခန်းပြင်ရေပေးဝေရေးစီမံကိန်း ရေစစ်ကန်ပန္နက်တင်အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီးဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လကွ္ခန်းပြင်ရေပေးဝေရေးစီမံကိန်း ရေစစ်ကန်တည်ဆောက်ခြင်း ပန္နက်တင်အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် အဆိုပါနေရာ၌ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန်ဦးလှမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဌာနမှူးများက သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများပြီးစီးပါက ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ သယ်န်းကျွန်း၊ သာကေတနှင့် ဒေါပုံမြို့နယ်များသို့ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ ဂါလန် သန်း ၃၀ နေ့စဉ်ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်သည် ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက်၌ သောက်သုံးရေများ ဖြန့်ဝေပေးနေမှုနှင့် ဇေယျာသီရိရပ်ကွက်၌ လမ်းဖောက်လုပ်နေမှု၊ သာကေတမြို့နယ်ရှိ ရန်အောင် သောက်သုံးရေကန်၌ မှော်ပင်၊ ဒိုက်ပင်များဆယ်ယူရှင်းလင်းနေမှု၊ ဒလမြို့နယ် မြစ်ဆိပ်၌ ရပ်ကွက်များသို့ ဖြန့်ဝေပေးရန် ရေသွယ်တင်ပို့နေမှုနှင့် ရာဇသင်္ကြန်ရပ်ကွက်၌ သောက်သုံးရေ ဖြန့်ဝေပေးနေမှု၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ပန်းပင်ချောင် ချောင်းဖြတ်တံတားတည်ဆောက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလမ်းဖောက်လုပ်နေမှု၊ လှိုင်သာယာမြို့နယ်၌ မြစိမ်းရောင်ချောင်း၊ ကျွဲလမ်းရိုးချောင်းနှင့် ညောင်တုန်းလမ်းဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး တူးဖော်ရှင်းလင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူနှစ်ဦး သေဆုံးသော ယာဉ်တိုက်မှု

**ရန်ကုန် မေ ၅**

၂၀၁၃ ခုနှစ် မေ ၅ ရက် နံနက် ၃ နာရီတွင် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်မောင်း(စုံစမ်းဆဲ) ယာဉ်အမှတ် ၂၈/--- တိုယိုတာစတေရှင်ဝက်ဂွန် အဖြူရောင်ယာဉ်သည် သစ္စာလမ်းဆုံအနီးတွင် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ယာဉ်မောင်း(စုံစမ်းဆဲ) လူသုံးဦးစီးနင်းလာသော AGUO အမျိုးအစား ဆိုင်ကယ်(နံပါတ်မပါ) အား တစ်ဖက်ယာဉ်ကြောတွင် ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်ပေါ်ပါသူ သုံးဦးအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကာ ကျန်တစ်ဦးမှာ ဒဏ်ရာများရရှိပြီး ဒဏ်ရာရသူနှင့် သေဆုံးသူနှစ်ဦးအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်မှ တစ်ဖက်ယာဉ်ကြောသို့ဝင်ရောက်ပြီး မျက်နှာချင်းဆိုင်ယာဉ်ကြောမှ ဆိုင်ကယ်အား ဝင်ရောက်တိုက်ခဲ့သည်။ ယာဉ်အားထားရှိကာ ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းအား အမှုဖွင့်အရေးယူနိုင်ရေး ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိပြီး အဆိုပါအမှုနှင့်ပတ်သက်၍ ရန်ကင်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရွှေတွင်းပြိုကျ၍ အမျိုးသမီးနှစ်ဦးသေဆုံး

**ကောလင်း မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ညောင်ပင်လှကျေးရွာအနီး ရွှေညောင်မြေ ရွှေတူးဖော်ရေးကုမ္ပဏီ ရွှေလုပ်ကွက်တွင် ဧပြီ ၂၉ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က ရုတ်တရက်မြေကျင်းပြိုကျ၍ အလုပ်သမား အမျိုးသမီး နှစ်ဦးသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ကောလင်းမြို့နယ် ညောင်ပင်လှကျေးရွာအနီး ရွှေညောင်မြေရွှေတူးဖော်ရေးကုမ္ပဏီ ရွှေလုပ်ကွက်ရှိ ဦးကံအောင် ညောင်ပင်လှကျေးရွာ ရွှေလုပ်ကွက်တွင် အလုပ်သမားများရွှေတူးဖော်ရာလုပ်ကွက်၌ ရုတ်တရက်မြေပြိုကျပြီး အလုပ်သမားအမျိုးသမီးနှစ်ဦးဖြစ်သူ မနန္ဒာအေး(၁၈)နှစ် ညောင်ပင်လှကျေးရွာ ကောလင်းမြို့နယ်နှင့် မနန်းခင်(၂၄)နှစ်တို့မှာ မြေပိကျသဖြင့် နေရာတွင်ပင် သေဆုံးခဲ့သည်။

အဆိုပါ သေမှုသေခင်းအား ကောလင်းမြို့နယ်ရဲစခန်းမှ သေမှုသေခင်းအမှတ် ၁၁/၂၀၁၃ အရ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကိုကိုညိမ်း-ကောလင်း)**

ဘယ်ဂျာနယ်မှာမှ မဖော်ပြရသေးသော•••
ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ကြော်ငြာများ
တစ်စောင်တည်းနှင့်အစုံလင်ဆုံးဂျာနယ်
ကွန်မြူတာ၊ အင်္ဂလိပ်စာ၊ စာရင်းကိုင်၊ Air Con ပြင်၊
စက်ချုပ်၊ ယာဉ်မောင်းသင် သင်တန်းများကို
တစ်ဦးလျှင် ကျပ် ငါးသောင်းနှုန်းဖြင့် (၂၀)ဦးအား
အခမဲ့ တက်ရောက်ခွင့်ပေးမည့် အထူးအခွင့်အရေးများဖြင့်•••
အခါနေ့တိုင်းထွက်ပြီ
အမှတ်(၁၁၆)၊ ပထမထပ်၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်။
The Opportunity Journal



# ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်းသုံးစွဲခြင်း၏ အန္တရာယ်များ

**မိုးရန်နိုင်(ကျောက်ကြီး)**

ယနေ့ မြန်မာနိုင်ငံတွင် လက်ကိုင်ဖုန်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ အစီအမံဖြင့် ကျေးလက်ဒေသအထိ ဈေးနှုန်းချိုသာစွာ သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မော်တော်ယာဉ် စီးနင်းအသုံးပြုသော မြို့နေလူတန်းစားများမှသည် မော်တော်ဆိုင်ကယ်၊ စက်ဘီးစီးနင်းသော ကျေးလက်နေပြည်သူများပါမကျန် လက်ကိုင်ဖုန်းများကို သုံးစွဲနိုင်ကြပြီဖြစ်ပါသည်။ နေရာတကာတွင် အကျိုးနှင့်အပြစ် ဒွန်တွဲနေသော သဘာဝအတိုင်း လက်ကိုင်ဖုန်းများသည် စနစ်တကျသုံးတတ်လျှင် လူနေမှုစနစ်၏ အရေးအရာအားလုံးတွင် အကျိုးတရားများစွာ ရရှိနိုင်ပြီး မသုံးတတ်လျှင်မူကား အန္တရာယ်ကိုဖိတ်ခေါ်သကဲ့သို့ ဖြစ်တတ်ပါသည်။

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် တစ်နာရီကီလိုမီတာ ၁၀၀ (မိုင် ၆၀)နှုန်း ကန့်သတ်ချက်ဖြင့် မောင်းနှင်နေကြသော ယာဉ်များမှသည် မြန်မာနိုင်ငံအနှံ့ရှိ မြို့ကြီးမြို့ငယ်အနှံ့တွင် ယာဉ်မောင်းနှင်ကြသူများအား ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းပြောဆိုခြင်းကို တားမြစ်ထားသည့်တိုင် စည်းကမ်းဖောက်ဖျက်မှုများ ရှိနေကြဆဲဖြစ်ပါသည်။

ယခုဆိုလျှင် နယ်မြို့များမှသည် ကျေးရွာများအထိ လက်ကိုင်ဖုန်းများကို တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြပြီဖြစ်၍ အချို့သည် မော်တော်ယာဉ်မောင်းနှင်နေစဉ်သာမက မော်တော်ဆိုင်ကယ်၊ စက်ဘီးစီးနင်းစဉ်များတွင်ပါ လက်ကိုင်ဖုန်းများ ပြောကြားလေ့ရှိရာ ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို ကြိုတင်၍ သတိပေးသည့်အနေဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြခြင်းဖြစ်ပါသည်။

မော်တော်ယာဉ်ကိုဖြစ်စေ၊ မော်တော်ဆိုင်ကယ်ကိုဖြစ်စေ၊ အခြားစက်တပ်ယာဉ် တစ်မျိုးမျိုးကိုဖြစ်စေ၊ ခြေဖြင့်နင်းရသည့် စက်ဘီးကိုဖြစ်စေ စီးနင်းစဉ်တွင်ပင် လက်ကိုင်ဖုန်းသုံးစွဲခြင်းသည် အသက်နှင့်ရင်းပြီး ပေးဆပ်ရသည့် နစ်နာဆုံးရှုံးမှုကို ဖြစ်စေနိုင်ပါသည်။ စက်ဘီးစီးစဉ် လက်တစ်ဖက်နှင့် လက်ကိုင်ဖုန်းကိုင်၍ စကားပြောရသဖြင့် ကျန်လက်တစ်ဖက်နှင့် စက်ဘီးလက်ကိုင်ကို ထိန်းသိမ်းရာတွင် ချို့ယွင်းအားနည်းမှု တစ်စုံတစ်ရာ ဖြစ်နိုင်ရုံမက အခြားယာဉ်၊ လူတစ်စုံတစ်ဦးကို ရှောင်တိမ်းရာတွင်ပါ အခက်အခဲကြုံလာတတ်ပါသည်။ (အထူးသဖြင့် ရန်ကုန်-နေပြည်တော်- မန္တလေး အမြန်လမ်းမကြီးပေါ်တွင် စက်ဘီး၊ ဆိုင်ကယ်မစီးရဟု ကန့်သတ်ထားသော်လည်း လမ်းဘေးကျေးရွာများမှ လူငယ်၊ လူကြီးများ စက်ဘီး၊ ဆိုင်ကယ်များဖြင့် စီးနင်းနေကြသည်များရှိသဖြင့် ထိုလူများသာ လက်ကိုင်ဖုန်းပြော၍ စီးနင်းကြမည်ဆိုလျှင် မတွေးဝံ့စရာပင် ဖြစ်ပါသည်။)

ယနေ့ခေတ်မီနည်းစနစ်များ တီထွင်သုံးစွဲနေကြသည့် ကာလတွင် ယာဉ်များအတွင်း၌ ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများဖြစ်သည့် တီဗွီ၊ ဗွီစီဒီများကြည့်ရှုခြင်း၊ စီဒီတိပ်ခွေများ ဖွင့်၍နားထောင်ခြင်း စသည်တို့မှသည် လက်ကိုင်ဖုန်းကို လက်ဖြင့်ကိုင်၍တစ်မျိုး၊ လက်လွတ် (Hand Free) သုံး၍တစ်သွယ်၊ လက်ကိုင်မဲ့စကားပြောခွက်လေးများဖြင့် တစ်နည်းသုံးစွဲနေကြပြီဖြစ်ပါသည်။ တိုးတက်ခေတ်မီသော နည်းပညာများဖြင့် ယာဉ်မောင်းစဉ် စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊ သတင်းစကားများရေးသားပေးပို့ခြင်းများကိုပါ ယာဉ်မောင်းစဉ် မိမိကားထဲမှ လုပ်ဆောင်နိုင်ကြပြီဖြစ်ပါသည်။

ထိုကိစ္စရပ်နှင့်ပတ်သက်၍ နိုင်ငံတကာ ကျွမ်းကျင်သူများက **"ကားများတွင် တပ်ဆင်ထားသော စကားပြောလက်ကိုင်ဖုန်းများနှင့် အလားတူပစ္စည်းများသည် ကျွန်ုပ်တို့အနေဖြင့် သတိမမူမိသောအခါ၌ ဘေးအန္တရာယ်ဆီသို့ တည့်တည့်မတ်မတ်တွန်းပို့နေသည်"**ဟု သတိပေးစကားဆိုပါသည်။

မကြာမီသောကာလက ဂျပန်နိုင်ငံသို့ အလည်ရောက်စဉ် ဂျပန်မိတ်ဆွေတစ်ဦးနှင့်အတူ သူ၏ယာဉ်ဖြင့် စီးနင်းလိုက်ပါစဉ် ယာဉ်မောင်းသူက ယာဉ်လက်ကိုင်မျက်နှာပြင်ပေါ်တွင် အသင့်(Build in) တပ်ဆင်ထားသော ဖုန်းစနစ်ကို အတော်သဘောကျခဲ့ပါသည်။ "Hand Free" ခေါ် လက်ဖြင့် မကိုင်ဘဲ လက်ကိုင်ဘီးတွင် အသင့်တပ်ဆင်ထားသော ဖုန်းခလုတ်၊ စကားပြောခွက်၊ နားထောင်ခွက်များရှိသဖြင့် လက်ကိုင်ဘီးကို လက်နှစ်ဖက်ဖြင့် စုံကိုင်ကာ ပိုင်နိုင်စွာ မောင်းနှင်ထိန်းနိုင်သည်ကို တွေ့ရပါသည်။ စကားပြောရာတွင်လည်း စကားပြောခွက်သို့ကပ်၍ ပြောရန်မလိုဘဲ ယာဉ်ကိုမောင်းနှင်စဉ် ပုံမှန်အနေအထားဖြင့် ပြောရုံဖြင့် တစ်ဖက်လူအား အလွယ်တကူကြားနိုင်ပါသည်။

သို့သော် ကျွန်တော့်၏ဂျပန်မိတ်ဆွေသည် ယာဉ်မောင်းစဉ်ဖုန်းပြောရာ၌ တစ်ဖက်လူ၏ ပြောစကားပေါ်တွင် အလုပ်ကိစ္စနှင့် ပတ်သက်ပြီး မကျေမလည်ဖြစ်ကာ ယာဉ်မောင်းနှင်သည့်အာရုံ ပျက်ပြားကာ ယာဉ်ထိန်းသိမ်းမောင်းနှင်မှုတွင် အလွဲလွဲအမှားမှားများဖြစ်လာသည်ကို သတိပြုမိခဲ့ပါသည်။ တိုကျိုမြို့တော်ပြင်ပ အဝေးပြေးလမ်းမပေါ် ရောက်နေ၍ ယာဉ်ကြောအတန်အသင့် ရှင်းသဖြင့်သာ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ခဲ့ခြင်းဖြစ်ပါသည်။

အဖြေမှာ **"ယာဉ်မောင်းစဉ် တယ်လီဖုန်း၏ စကားပြောခွက်ကို လက်နှင့်မကိုင်ဘဲ ပြောပြော၊ လက်နှင့်ကိုင်၍ပဲပြောပြော၊ မည်သည့်ခေတ်မီနည်းစနစ်တစ်မျိုးမျိုးဖြင့်ပဲပြောပြော၊ နှစ်ဖက်ဖုန်းပြောသည့် စကားအပေါ်တွင် စိတ်ရောက်နေလျှင် ယာဉ်ကိုထိန်းသိမ်းရာ၌ အာရုံစိုက်မှုလျော့ပါးကာ အန္တရာယ်တစ်စုံတစ်ရာဖြစ်နိုင်သည်"** ဆိုသည့် အချက်ပင်ဖြစ်ပါသည်။

ယာဉ်မောင်းစဉ်ဖုန်းပြောရာ၌ ဖုန်းပေါ်တွင် စကားများရန်ဖြစ်ခြင်း၊ လုပ်ငန်းဆိုင်ရာကိစ္စများ ဆွေးနွေးပြောကြားခြင်း၊ ချစ်ရေးချစ်ရာ စကားများပြောဆိုခြင်း စသည်များသည် ယာဉ်မောင်းနေသူ၏ စိတ်အာရုံများကို ယာဉ်မောင်းနှင်နေရာမှ အခြားတစ်နေရာရာသို့ ရောက်ရှိစေပြီး အန္တရာယ်ကို လက်ယပ်ခေါ်ရာရောက်ပါသည်။ နိုင်ငံတကာလေ့လာသူများကပြောသည်မှာ **"စိတ်မချမ်းမြေ့ဖွယ် သုံးသပ်ချက်များအရ ယာဉ်မောင်းများတွင် ယာဉ်တိုက်ခိုက်မှု လေးကြိမ်ဖြစ်တိုင်းတွင် တစ်ကြိမ်မှာ ယာဉ်မောင်းနှင်စဉ် ဖုန်းပြောခြင်းကြောင့် ဖြစ်ရသည်"** ဟု ဆိုပါသည်။

သို့ဖြစ်၍ ယာဉ်မောင်းစဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်ပိုမောင်းနှင်ကြသူများအား အောက်ပါအချက်များကို လိုက်နာကျင့်သုံးကြရန် နိုင်ငံတကာ ကျွမ်းကျင်သူများက တိုက်တွန်းအကြံပြုကြပါသည်-

၁။ **ယာဉ်မောင်းနှင်နေစဉ် ဖုန်းမခေါ်ပါနှင့်၊ ဖုန်းမပြောပါနှင့်။** လက်ကိုင်ဖုန်းမှ စက်ပိုင်းဆိုင်ရာ ခလုတ်တစ်ခုခုကိုနှိပ်ခြင်း (သို့မဟုတ်) ဖုန်းလက်ခံစကားပြောရန်ဖြေကြားခြင်းသည်ပင်အန္တရာယ်ရှိနိုင်ပါသည်-

၂။ **သင်၏ ကားပေါ်မှ ဖုန်းခေါ်ဆိုမှု၊ ဖုန်းပြောကြားမှုများကို ပြုလုပ်ရာတွင် အလုံခြုံဆုံးနည်းလမ်းမှာ သင်ခရီးမထွက်မီနှင့် ခရီးပြီးဆုံးချိန်တွင် ပြုလုပ်ခြင်းပင်ဖြစ်သည်။** အချို့က"အဝင်ခေါ်ဆိုသောဖုန်းများကို (ယာဉ်မောင်းသူက မကိုင်ဘဲ) ယာဉ်စီးနင်းလာသူခရီးသည် တစ်ဦးအား ဖုန်းဆက်လာသူ၏မေးခွန်းများကို ပြန်လည်ဖြေကြားစေရန်" အကြံပြုကြပါသည်။ အချို့ကျွမ်းကျင်သူများကလည်း လက်ကိုင်ဖုန်းနှင့်ဖုန်းခေါ်ဆိုမှုမပြုလုပ်မီ သတိကြီးစွာထားလျက် မိမိယာဉ်အား လမ်းဘေးသို့ဆွဲချ၍ ယာဉ်ရပ်နေရာတစ်ခုကို ရှာဖွေခြင်းသည် ဘေးကင်းလုံခြုံသော နည်းလမ်းဖြစ်သည်" ဟုဆိုကြပါသည်။ "ဤသို့ပြုလုပ်ရခြင်းသည် အဆင်မပြေမှုဖြစ်ကောင်းဖြစ်နိုင်သော်လည်း သူ၏စိတ်သည် တစ်ချိန်တည်းတွင် အရာနှစ်ခုအပေါ် အာရုံမစိုက်နိုင်ပါ။ သင်ဖုန်းပြောပြီးလျှင် သင့်အနေဖြင့် ယာဉ်မောင်းနှင်ခြင်းအပေါ် ပြန်လည်၍ အပြည့်အဝ ဂရုစိုက်နိုင်ပါသည်" ဟုဆိုပါသည်။

၃။ **ယာဉ်မောင်းနှင်နေစဉ်ဖုန်းနံပါတ်ကိုနှိပ်၍ဖုန်းခေါ်ခြင်းကသာ အဓိကပြဿနာဖြစ်သည်ဟု မယူဆပါနှင့်။** အစကနဦး၌ ကျွမ်းကျင်သူများက ကားဖုန်းများကြောင့် ဖြစ်ပွားသော ပြဿနာများသည် အများအားဖြင့် စက်မှုပိုင်းဆိုင်ရာနှင့် ဆက်စပ်သည့်သုံးစွဲမှုများဖြစ်သောဖုန်းခေါ်ခြင်း၊ ဖုန်းကိုင်ခြင်း၊ ဖုန်းကိုမူလနေရာ၌ ပြန်ထားခြင်းတို့တွင်သာ ပြဿနာရှိသည်ဟု ယုံကြည်ကြသဖြင့် ဖုန်းကို လက်ဖြင့်မကိုင်ဘဲ ပါးစပ်အနီးတွင်လက်ကိုင်မဲ့ဖုန်း စကားပြောခွက်များ (Hand Free Speaker - phone) ကိုသုံး၍ ပြောဆိုခြင်းက အကျိုးသက်ရောက်မှုပေးစွမ်းသည်ဟု ထင်မြင်ယူဆခဲ့ကြပါသည်။ သို့ရာတွင်ပို၍ကြီးမားသောပြဿနာတစ်ရပ်မှာ ဖုန်းပြောခြင်းကြောင့်ဖြစ်ခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာအာရုံအနှောင့်အယှက်သာဖြစ်ပါသည်။

၄။ **ကားဖုန်းဖြင့်စကားပြောခြင်းသည် ရေဒီယိုနားထောင်ခြင်း၊ တေးသီချင်းနားထောင်ခြင်းထက်စိတ်အာရုံကိုပျက်ပြားစေပါသည်။** ယာဉ်စီးနင်းလိုက်ပါသူနှင့် စကားပြောခြင်းထက်ပို၍ လူ၏စိတ်အာရုံခံစားနိုင်စွမ်းကို တဖြည်းဖြည်းဆုတ်ယုတ်စေနိုင်ပါသည်။ ဖုန်းပြောနေသော ယာဉ်မောင်းသူသည် လမ်းကိုကြည့်နေရပါသည်။ သို့ရာတွင် အရေးကြီးသော အရိပ်နိမိတ်တို့ကို မမြင်မိလိုက်၊ မကြားမိလိုက်ဖြစ်တတ်ပါသည်။ အထူးသဖြင့် အတားအဆီး တစ်စုံတစ်ရာကြောင့် မတော်တဆဘေးအန္တရာယ် ဖြစ်ပွားတတ်ပါသည်။

ယာဉ်မောင်းနှင်ရာတွင် သင်၏အချိန်ပြည့် သတိရှိမှုသည် အထူးလိုအပ်ပါသည်။ ဖုန်းတွင်စကားတစ်ခွန်းပြောရုံမျှဖြင့် သင်မောင်းနှင်ရမည့်လမ်းအပေါ် အလေးဂရုပြုမှုကို မရပ်ပစ်သင့်ပေ။ နိုင်ငံတကာနှင့်ယှဉ်၍ ခေတ်မီလာကြပြီဖြစ်သော ကျွန်တော်တို့မြန်မာတိုင်းရင်းသားများအားလုံး ယာဉ်မောင်းနှင်စဉ်နှင့် ယာဉ်စီးနင်းစဉ်အချိန်ကာလများတွင် ဘေးအန္တရာယ်အပေါင်း ကင်းဝေးကြပါစေရန်ဆုမွန်ခြွေလျက်---။ ။

## ကောလင်းမြို့တွင် ဘိန်းဖြူများဖမ်းဆီးရမိ

**ကောလင်း မေ ၅**

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဒေသအသီးသီးတွင် ကွင်းဆင်းရှာဖွေတိုက်ဖျက်လျက်ရှိရာ မေ ၃ ရက် နံနက် ၆ နာရီ မိနစ် ၂၀ တွင် ကောလင်းမြို့နယ်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် စန်းယုနှင့် တပ်ဖွဲ့ဝင်များ၊ ဒေသခံအသိသက်သေများနှင့်အတူ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ကောလင်းမြို့နယ် လာကာကျေးရွာနေ ဦးမောင်တင့် (၃၉)နှစ် (ကျပန်း) နေအိမ်အား ရှောင်တခင် ဝင်ရောက်ရှာဖွေကြရာ အဆိုပါနေအိမ်၏ အပေါ်ထပ်အိပ်ခန်းအတွင်း ကြမ်းပြင်ပေါ်မှ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် အလေးချိန် သုညဒသမ ၂၅ ဂရမ်ခန့်စီပါ ပုလင်းနှစ်လုံး၊ အလေးချိန် သုည ဒသမ ၁ ဂရမ်ခန့်ပါ ပုလင်းတစ်လုံး စုစုပေါင်း အလေးချိန် သုည ဒသမ ၆ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ခြောက်သောင်းအား တွေ့ရှိရမိသဖြင့် အသိသက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့သည်။

(၂၁၄)

## ဝက်သားပေါက်များ ရောင်းအားကျဆင်း

**ရေတာရှည် မေ ၅**

ဧပြီလနှင့်မေလအတွင်း နေ့အပူရှိန်ကြောင့် ကျေးလက်ဒေသအချို့တွင် ဝက်များကျန်းမာရေးမကောင်း၍ သေဆုံးမှုများရှိခဲ့ရာ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေး လုပ်ကိုင်သူများမှာ ဝယ်လိုအား သိသာစွာကျဆင်းသွားခဲ့ကြောင်း သိရသည်။

နေပြည်တော် အေလာမြို့မှ ဝက်သားပေါက်ရောင်းချသူများသည် မြို့အသီးသီးရှိ ဈေးပတ်များအလိုက် လှည့်လည် ရောင်းချလျက်ရှိရာ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူများသည် အပူရှိန်များသောကာလတွင် ဝယ်လိုအားနည်းပြီး မိုးဦးကျကာလနှင့် ဆောင်းရာသီများ၌ ပိုမိုမွေးမြူကြကြောင်း သိရသည်။ "ကျွန်တော်တို့က ဈေးပတ်အလိုက် ရောင်းကြတာ၊ အပူရှိန်ပြင်းတော့ ဝယ်မယ့်သူမရှိသလောက်ပဲ၊ တချို့ ဈေးပတ်တွေဆို ဈေးဦးမပေါက်တာတောင် ကြုံရတယ်"ဟု ဝက်သားပေါက် ရောင်းချသူတစ်ဦးက ရှင်းပြသည်။ ယခုလက်ရှိ ဝက်သားပေါက် အရွယ်အစားပေါ်မူတည်ကာ ငွေကျပ် နှစ်သောင်းမှ သုံးသောင်းဖြင့် ရောင်းချရကြောင်း သိရသည်။

(၅၇၈)

### အထူးဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်ဆုမွန်ကောင်းတောင်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်အား ၃၀-၄-၂၀၁၃ ရက်၌ ချီးမြှင့်ပေးအပ်ရာတွင် တန်ဖိုးမြင့် ထုတ်ကုန်အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု ချီးမြှင့်ခံရသည့် မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ဗဟိုအလုပ်အမှုဆောင် **ဒေါက်တာအောင်လွင်**အတွက် မိသားစုနှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ မြိတ်ဒေသအကျိုး၊ လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်သူဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့်အသင်းဝင်များ**
**မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**

### အထူးဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်ဆုမွန်ကောင်းတောင်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုအား ၃၀-၄-၂၀၁၃ ရက်၌ ချီးမြှင့်ပေးအပ်ရာတွင် ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု ချီးမြှင့်ခံရသည့် မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ **ဥက္ကဋ္ဌ ဦးလှသန်း**အတွက် မိသားစုနှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ မြိတ်ဒေသအကျိုး၊ လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်သူ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ**
**မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**

အဆိုတော်'ဟဲလေးနှင့် Wai လျှံ'တို့မှ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး ကုမ္ပဏီကြီးများ စုံလင်စွာ ပါဝင်ပြသရောင်းချမည့်
တောင်ကြီးမြို့ IT, ELECTRONICS & CONSUMER PRODUCTS SHOW မကွေးမြို့
မေ(၁၁) မှ (၁၅)ထိ (မြို့တော်ခန်းမ) ပြခန်းစုံစမ်းရန်- WINNER Ph : 0950 31660, 0951 73076 မေ(၂၀) မှ (၂၄)ထိ

ပြည်တွင်းရေးရာ

# မိုးရာသီမကျရောက်ခင် ဒုက္ခသည်များ နေထိုင်ရေးကြိုတင်စီမံ

**နေပြည်တော် မေ ၅**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖွင့်လှစ်သွားမည့် ပေါင်းစပ်ညှိနှိုင်းရေးဌာန (Co- Ordination Centre) ဖွင့်လှစ်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း **(အပေါ်ယာပုံ)**က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ချမှတ်ပေးပြီး ဖြစ်ပါကြောင်း၊ ယင်းတာဝန်များကို သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီခုနစ်ခုတို့ကိုလည်း ထပ်ဆင့်ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များတွင် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ပါရှိပါကြောင်း။




အလားတူ ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မိုးရာသီ မကျရောက်ခင် ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များ၏ နေထိုင်ရေးပြဿနာများကို ကြိုတင်စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများ တင်ပြသွားရန်တို့ ပါရှိပါကြောင်း၊ လက်ရှိတွင်လည်း မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် လုပ်ငန်းကော်မတီ(၇)ရပ်တွင် ပါရှိသည့် လုပ်ငန်းတာဝန်များကို ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ ကိုယ်စားလှယ်များသာမက နှစ်ဖက်လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားလှယ်များဖြင့် တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာ အကြံပြုချက်တွင်ပါရှိသည့် ဆောင်ရွက်ရမည့် လုပ်ငန်းများအနက် အရေးကြီးအချက်များမှာ မိုးမကျမီ ဒုက္ခသည်များအား အမိုးအကာအောက်ရောက်ရှိရေး၊ ဘင်္ဂါလီဒုက္ခသည်စခန်းများတွင် လူဦးရေများပြားနေခြင်းကြောင့် မိုးရာသီတွင် ဖြစ်ပွားနိုင်သော ရောဂါများအတွက် ကြိုတင်ကာကွယ်ရေး၊ အစားအစာဖူလုံရေး၊ စားနပ်ရိက္ခာမပြတ်စေရေး၊ နိုင်ငံတော်အစိုးရနှင့် အလှူရှင်အဖွဲ့အစည်းများ၊ UN/ INGO များ ပူးပေါင်း၍ လူသားချင်း စာနာထောက်ထားသော ထောက်ပံ့မှုအစီအစဉ်များ ဆောင်ရွက်ပေးရေးတို့ဖြစ်ပါကြောင်း၊ ပေါင်းစပ်ညှိနှိုင်းရေးဌာနသည် ပြည်ထောင်စုအစိုးရ၊ ရခိုင်ပြည်နယ်အစိုးရ၊ UN/ INGO အဖွဲ့အစည်းများ၊ နှစ်ဖက်လူမှုအဖွဲ့အစည်းများ ဆက်သွယ်ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရေး၊ လက်ရှိအခြေအနေနှင့် ကိုက်ညီသော သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးတို့အတွက်ဖြစ်ပြီး အခြားမြို့နယ်များတွင်လည်း ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ လုပ်ဖော်ကိုင်ဖက်များအဖြစ် မိမိတို့လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသော UNOCHA မှ Ms. Babara Batista က ပေါင်းစပ်ညှိနှိုင်းရေးဌာန ဖွင့်လှစ်ရေးနှင့် စပ်လျဉ်း၍ ပစ္စည်းများ ထောက်ပံ့ပေးမှုအခြေအနေနှင့် အကြံပြုချက်များကို လည်းကောင်း၊ UNHCR မှ ကိုယ်စားလှယ် Ms. Yasuko က ဆွဲ-တင်-စစ်လုပ်ငန်း၊ အိမ်ရာဆောက်လုပ်ခြင်းနှင့် ဒုက္ခသည်များ ရွှေ့ပြောင်းခြင်းလုပ်ငန်း၊ လုံခြုံရေးဝန်ထမ်းများအား ယုံကြည်မှုတည်ဆောက်နိုင်သည့် သံတမန်များအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ WFP ၏ ကိုယ်စားလှယ်က လက်ရှိစားနပ်ရိက္ခာ ထောက်ပံ့ပေးနေမှုအခြေအနေနှင့် ဆက်လက်ထောက်ပံ့နိုင်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များအပေါ် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၅**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ○ ဆီးရီးယားမှ

အစ္စရေးနိုင်ငံက ယင်းကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မှတ်ချက်ပေးခြင်းမရှိသော်လည်း ဆီးရီးယားနိုင်ငံက အစ္စရေးနိုင်ငံသည် ဒမတ်စကတ်မြို့တော် မြောက်ဘက်ရှိ စစ်ဘက်အဆောက်အအုံများကို စီးနင်းတိုက်ခိုက်ခဲ့ကြောင်း စွပ်စွဲခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသတင်းသည် အစ္စရေးအရာရှိတစ်ဦးက ဆီးရီးယားနိုင်ငံတွင်းရှိ ဒုံးကျည်များကို လက်ဘနွန်စစ်သွေးကြွအုပ်စု ဟစ်ဇ်ဘိုလာအဖွဲ့ထံ လွှဲပြောင်းပေးရန် ရည်ရွယ်ထားသောကြောင့် ယင်းဒုံးကျည်လက်နက်များကို ယခုသီတင်းပတ်အစောပိုင်းတွင် လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ထုတ်ဖော်ပြောပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဆီးရီးယားသတင်းမီဒီယာများ၏ အဆိုအရ တနင်္ဂနွေနေ့က တိုက်ခိုက်မှုသည် ဂျမာရာ စစ်ဘက်သုတေသနဗဟိုဌာနကိုပင် ဦးတည်တိုက်ခိုက်ခဲ့ပြီး ဂျမာရာမှာ ဒမတ်စကတ်မြို့တော်နှင့် ၁၀ မိုင်အကွာ လက်ဘနွန်နယ်စပ်တွင် တည်ရှိသည်။

အနောက်တိုင်းထောက်လှမ်းရေးသတင်းအရင်းအမြစ်တစ်ခုက အစ္စရေးနိုင်ငံသည် အီရန်နိုင်ငံက ဟစ်ဇ်ဘိုလာအဖွဲ့ကို ထောက်ပံ့မည့် Fateh-110 မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်များ သိုလှောင်ရာနေရာကို အဓိကပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားကလည်း တနင်္ဂနွေနေ့က တိုက်ခိုက်မှုနှင့်ပတ်သက်၍ အစ္စရေးနိုင်ငံအနေဖြင့် အဆင့်မြင့်လက်နက်များကို ဟစ်ဇ်ဘိုလာကဲ့သို့ အကြမ်းဖက် အဖွဲ့အစည်းများထံ မရောက်ရှိရန် တားဆီးကာကွယ်ပိုင်ခွင့်ရှိသည်ဟု လက်တင်အမေရိက ခရီးစဉ်အတွင်း ပြောကြားသွားခဲ့သည်။ **(ရိုက်တာ)**

# ကမ္ဘာ့ရွှေဈေးတက်လာခြင်းကြောင့် မြန်မာ့အခေါက်ရွှေတစ်ကျပ်သား ၇၁၀၀၀၀ ကျပ်ဝန်းကျင်ရှိ

**ရန်ကုန် မေ ၅**

ကမ္ဘာ့ရွှေဈေး ပြန်လည်မြင့်တက်လာခြင်းကြောင့် ယမန်နေ့ မြန်မာ့ရွှေဈေးမှာ ယခုတစ်ပတ်အတွင်း မြန်မာအခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၇၁၀၀၀၀ ဝန်းကျင်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။

ယနေ့နံနက်ပိုင်းတွင် ရွှေဈေးကွက်အဖွင့်ဈေးမှာ မြန်မာအခေါက်ရွှေ တစ်ကျပ်သား ငွေကျပ် ၇၀၉၅၀၀၊ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၇၀ ဖြင့် ဈေးဖွင့်ပြီး ညနေပိုင်းတွင် ငွေကျပ် ၇၁၀၄၀၀၊ အမေရိကန်ဒေါ်လာ ၁၄၉၀ ဖြင့် ဈေးပိတ်ကြောင်း၊ ရွှေဘုံသာလမ်းရှိ ရွှေထည်ပစ္စည်းရောင်းဝယ်သူတစ်ဦးက ၁၅ ပဲရည် ရွှေတစ်ကျပ်သားကို ငွေကျပ် ၆၆၅၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ တစ်ပတ်အတွင်းရွှေဈေးမှာ အောက်ပါအတိုင်းဖြစ်သည်-

| ရက်စွဲ | မြန်မာရွှေ(ကျပ်) ဖွင့်ဈေး | မြန်မာရွှေ(ကျပ်) ပိတ်ဈေး | ကမ္ဘာ့ရွှေ(ဒေါ်လာ) ဖွင့်ဈေး | ကမ္ဘာ့ရွှေ(ဒေါ်လာ) ပိတ်ဈေး |
|---|---|---|---|---|
| ၂၉-၄-၂၀၁၃ | ၇၁၃၅၀၀ | ၇၁၀၅၀၀ | ၁၄၆၉ | ၁၄၇၂ |
| ၃၀-၄-၂၀၁၃ | ၇၀၁၈၀၀ | ၇၁၁၀၀၀ | ၁၄၇၀ | ၁၄၇၄ |
| ၁-၅-၂၀၁၃ | ၇၁၁၀၀၀ | ၇၁၁၀၀၀ | ၁၄၇၄ | ၁၄၆၆ |
| ၂-၅-၂၀၁၃ | ၇၀၉၀၀၀ | ၇၀၈၈၀၀ | ၁၄၅၄ | ၁၄၅၄ |
| ၃-၅-၂၀၁၃ | ၇၁၀၈၀၀ | ၇၁၁၀၀၀ | ၁၄၇၄ | ၁၄၇၇ |

အလားတူ ရန်ကုန်မြို့ ဟံသာဝတီကားပွဲစားတန်းမှ ဝါရင့်ကားဝယ်ရောင်းတစ်ဦးက ယခုအပတ်အတွင်း ကားဈေးကွက်အေးနေပြီး ကားဟောင်းစလစ်လိုအပ်မှုမှာ နည်းပါးကြောင်း၊ လက်ရှိကားစလစ်ဈေးကွက်မှာ အမည်ပေါက်စလစ်တစ်စောင်ငွေကျပ် ၈၆ သိန်းဝန်းကျင်ရှိပြီး TAXI စလစ်တစ်စောင်ဈေးမှာ ငွေကျပ် ၆၈ သိန်းဝန်းကျင်ရှိကြောင်း ပြောကြားသည်။ **(အေးကို-သတင်းစဉ်)**

## ❖ ပယ်နယ်တီဂိုးများမှ

မကွေးအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့ပြီး ၆၉ မိနစ်တွင် နာအူမော့စ်က ဖွဲကပင်အတွက် ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။

**(မုံရွာကွင်း)**
**ဇေယျာရွှေမြေ- နှစ်ဂိုး**
(မာတင်)
**ရာဝတီ- နှစ်ဂိုး**
(နေလင်းအောင်နှင့်
နန္ဒလင်းကျော်ချစ်)
**(သုဝဏ္ဏကွင်း)**
**ရန်ကုန်ယူနိုက်တက်-နှစ်ဂိုး**
(ဆီဇာနှင့် အောင်မိုး)
**ဟံသာဝတီ- ဂိုးမရှိ**

ယမန်နေ့က ကျင်းပသော ပွဲများတွင် ဗထူးကွင်း၌ ရတနာပုံက မနော မြေကို လေးဂိုး-ဂိုးမရှိ၊ အောင်ဆန်းကွင်း၌ ကမ္ဘောဇက ရခိုင်ကို နှစ်ဂိုး-ဂိုးမရှိ၊ သုဝဏ္ဏကွင်း၌ နေပြည်တော်က Southern ကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၁၀) အပြီးတွင် ကမ္ဘောဇနှင့် ဇေယျာရွှေမြေတို့က ၂၀ မှတ်စီ၊ ရန်ကုန်အသင်းက ၁၉ မှတ်၊ မကွေးနှင့် နေပြည်တော်တို့က ၁၈ မှတ်စီ ရရှိထားသည်။







**အရန်မီးသတ်တပ်ဖွဲ့ တူညီဝတ်စုံပေးအပ်**

မေ ၅ ရက်နေ့တွင် ကျရောက်သည့် (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ တူညီဝတ်စုံပေးအပ်ခြင်းနှင့် ထူးချွန်တပ်သားများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို မေ ၃ ရက် ည ၇ နာရီတွင် အမှတ်(၈)ရပ်ကွက် မွှာရုံအတွင်း၌ ကျင်းပခဲ့သည်။ **(၁၉၃)**







နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

☆ **အမျိုးသားရေးမှ**

လုပ်ငန်းများကို ရှာဖွေစမ်းသပ်လုပ်ဆောင်ခဲ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍ အားလုံးတွင်မျှော်လင့်ချက်ရှိသည့် အနာဂတ်ကိုဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရတစ်ဖွဲ့တည်းက ဆောင်ရွက်နေခြင်းမဟုတ်ပါကြောင်း၊ လွှတ်တော်အဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ ပြည်သူများ၊ တပ်မတော်နှင့် ငြိမ်းချမ်းရေးတည်ဆောက်လိုသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အားလုံးပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ယခုအခါ နိုင်ငံတကာက အသိအမှတ်ပြုရသည့် အောင်မြင်မှုများ ရရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိနေဆဲဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် National Building, State Building, Peace Building ဆိုသည့် တည်ဆောက်ရေးလုပ်ငန်းသုံးခုကို တစ်ပြိုင်တည်း ဆောင်ရွက်နေရခြင်း ဖြစ်ပါကြောင်း၊ မိမိတို့၏ အမျိုးသားရေးမျှော်မှန်းချက်သည် လွတ်လပ်ပွင့်လင်းပြီး အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးဖြစ်စဉ်နှင့် တန်းတူရည်တူ ယှဉ်ပြိုင်နိုင်ခွင့်ရှိသည့် စီးပွားရေးဖြစ်စဉ်များဖြင့် တည်ဆောက်ထားသည့် မြန်မာနိုင်ငံတော်သစ် (New Myanmar)ကို တည်ဆောက်ရန်ဖြစ်ပါကြောင်း၊ မိမိတို့၏ အမျိုးသားရေးပန်းတိုင်သည် အားလုံးပါဝင်နိုင်ခွင့်ရှိပြီး လွတ်လပ်ပွင့်လင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာရေးပင်ဖြစ်ပါကြောင်း၊ ထိုအမျိုးသားရေးမျှော်မှန်းချက်နှင့် ပန်းတိုင်ကို ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အားလုံးပါဝင်ဆောင်ရွက်ရန်လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေး၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၏ ရလဒ်ကို ပြည်သူများ အချိန်တိုအတွင်း လက်တွေ့ခံစားနိုင်ရေး၊ ရခိုင်ပြည်နယ်နှင့် မိတ္ထီလာမြို့များတွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများဖြေရှင်းရေးတို့နှင့် ပတ်သက်၍ ၎င်းတို့၏ သဘောထားကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးအမြင်၊ နိုင်ငံတကာအမြင်များဖြင့် လေ့လာသုံးသပ်ပြီး ပါဝင်ပူးပေါင်းဆောင်ရွက်ရေးအတွက် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ပြည်သူလူထု၏ တူညီသော ဆန္ဒနှစ်ခုဖြစ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ရှင်းပြသည်။

ယင်းနောက် မိမိတို့အနေဖြင့် ပထမနှစ်နှစ်တွင် ပြုပြင်ပြောင်းလဲမှုများအတွက် လိုအပ်သည့်စွမ်းဆောင်ရည်ပြည့်ဝရေးလုပ်ငန်းများ (Capacity Building) နှင့် Institution များ တည်ဆောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ပြည်သူများ အနေဖြင့် ပြုပြင်ပြောင်းလဲမှု၏ ရလဒ်များကို လက်တွေ့ခံစားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်ပေါင်းများစွာ တည်ရှိခဲ့သည့် ပြဿနာများအားလုံးကို မိမိတို့အစိုးရလက်ထက်တွင် အပြီးတိုင် ဖြေရှင်းနိုင်မည်ဟု မယုံကြည်ပါကြောင်း၊ ဖြေရှင်းနိုင်သလောက်ဖြေရှင်းပြီး နောင်အစိုးရများ လွယ်ကူစွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သည့် အခြေခံအုတ်မြစ်များ (Foundation) တည်ဆောက်ထားခဲ့မည်ဖြစ်ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီးပြည်သူကို ဗဟိုပြုသည့်စနစ်ဖြင့် အုပ်ချုပ်နိုင်ရေး ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်မှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့်အဖြစ် ဆောင်ရွက်နေပါကြောင်း။

ပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း အုပ်ချုပ်



မှုကဏ္ဍ၏ ချို့...
ချက်များကို ...
အထောက်အ...
နိုင်ပါကြောင်း...
အားနည်းချက်...
များကို လျစ်လ...
ကြောင်း၊ အသိ...
နိုင်အောင် ...
ကြောင်း၊ အား...

# အမျိုးသားရေးပန်းတိုင် အောင်မြင်ဖို့ လက်တွဲညီညာဆောင်ရွက်စို့

သတင်းအဖွဲ့

နေပြည်တော် မေ ၅

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တောင်သူပညာပေး ဧက (၅၀၀) စက်မှုလယ်ယာစိုက်ခင်း အစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တွေ့ဆုံခဲ့ကြပါသည်။

တွေ့ဆုံပွဲအပြီးတွင် သတင်းအဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာသူများအနက်မှ အချို့အား ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် ခံစားရမှုများနှင့် တင်ပြခွင့်ရခဲ့သည်များအပေါ် ကျေနပ်အားရမှု ရှိ၊ မရှိတို့ကို မေးမြန်းဖြစ်ခဲ့ပါသည်။

သတင်းအဖွဲ့၏ မေးမြန်းချက်များနှင့် ပတ်သက်၍ ၎င်းတို့၏ ဖြေကြားချက်များကို အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်-

**ဦးခွန်ထွန်းဦး**
**(ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ)**

ကျွန်တော်လည်း အောက်ခြေက တိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီး တင်ပြထားတာ ရှိပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးအတွက် တင်ပြဆွေးနွေးထားတယ်။ ကျွန်တော်တို့အနေနဲ့ အကြံပြုလိုတာက အေးအေးဆေးဆေးပေါ့လေ၊ စားပွဲဝိုင်းမှာ ထိုင်ပြီးတော့၊ စကားပြောပြီးတော့ ဖြေရှင်းဖို့ ဖြစ်ပါတယ်။ ဒီပြဿနာတွေက ကြာလည်းကြာပြီ။ နှစ်ပေါင်း ၆၀ လောက်ကြာနေပြီဆိုတော့ အမြန်ပြီးစီးအောင် ဝိုင်းဝန်းလုပ်ဆောင်သွားမယ်လို့ ကျွန်တော်ပြောထားပါတယ်။ အခုလို တွေ့ခွင့်ပေးတာလည်း ကျေးဇူးတင်တယ်။ နောက်ပြီးတော့ သမ္မတကြီးကို တိုက်ရိုက်ပြောရတာဆိုတော့ ကြားလူကိုပြောရတာထက် ပိုပြီးလေးနက်တာပေါ့ဗျာ။ ဒီနောက်ပိုင်း ကျန်ခဲ့တဲ့သူတွေကို SSPP နဲ့ နားလည်မှုယူရမယ်။ SSNA နဲ့လည်း နားလည်မှု ရှိပြီသား။ RCSS နဲ့လည်း နားလည်မှုရှိပြီးသား။ ယခု ရှမ်း -ကယားညီလာခံမှာလည်း လာကြတာပဲလေ။ UWSA တို့ NPA တို့ လားရှိုးမှာ လာကြတယ်။ လက်နက်ကိုင်အဖွဲ့က ၁၃ ဖွဲ့၊ ပါတီက ၁၂ ပါတီ။ အဲဒီထဲမှာ (၂၃) ပါတီလည်း လာတက်တယ်။ လားရှိုးငြိမ်းချမ်းရေးကော်မတီမှာ လာတက်ကြတယ်။ အဲဒီတော့ ဒါဟာ ငြိမ်းချမ်းရေးအတွက် ခိုင်မြဲတဲ့ဟာတွေဖြစ်တယ်။

**ဦးသိန်းညွန့်**
**(အမျိုးသားဒီမိုကရေစီပါတီသစ် ဥက္ကဋ္ဌ)**

သမ္မတကြီးရဲ့ အမျိုးသားရေးမျှော်မှန်းချက်နဲ့ အမျိုးသားရေးပန်းတိုင်အောင်မြင်ဖို့ဆိုရင် မြို့နယ်အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့နဲ့ ပေါင်းကူးပေးတဲ့ နိုင်ငံရေးပါတီတွေနဲ့ အခုလိုထိတွေ့တာဟာ အင်မတန်မှ အရေးကြီးပါတယ်။ အဲသလိုထိတွေ့နိုင်မှ သမ္မတကြီးပြောသလို နိုင်ငံရေးပါတီတွေကပဲ ပြည်သူရဲ့သဘောထားကို ကုန်ကြမ်းတွေရအောင် ဖန်တီးပေးတယ်။ အဲဒါကြောင့် ဒီတွေ့ဆုံမှုဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအတွက် အင်မတန်အထောက်အကူပြုတဲ့ပွဲပါပဲ။

**ဦးစောသိန်းအောင်**
**(ဖလုံစဝေါ်ပါတီ ဥက္ကဋ္ဌ)**

ကျွန်တော့ရင်ထဲမှာ ဂွမ်းဆီထိသလို ပီတိဖြာမိတာပေါ့ဗျာ။ ဝမ်းသာတယ်။ ရှေ့ဆက်ပြီးတော့လည်း အခုလိုမျိုး မကြာမကြာ တွေ့ဆုံပြီး ကျွန်တော်တို့ပြည်သူတွေအတွက် ဆွေးနွေးတိုင်ပင်ညှိနှိုင်းကြရင် ပိုကောင်းတာပေါ့ဗျာ။

**ဦးနိုထန်ကပ်**
**[ချင်းတိုးတက်ရေးပါတီ ( CPP) ဥက္ကဋ္ဌ]**

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်သမ္မတကြီးကို ရင်ထဲက စကားတွေ ပြောခွင့်ရှိတော့ အများကြီးအကျိုးရှိတာပေါ့။ ဥပမာ ကိုယ့်ဒေသပြဿနာလေးတွေ တိုက်ရိုက်ပြောနိုင်တဲ့အခါကျတော့ ကျွန်တော်တို့ အတော်လေး အားရကျေနပ်ပါတယ်။

**ဦးငယ်ပီး ထီယံအုပ်ထန်း**
**[ချင်းအမျိုးသားပါတီ (CNP) အထွေထွေအတွင်းရေးမှူး]**

ဒီလို နီးနီးကပ်ကပ်ပြောဆိုဆွေးနွေးတင်ပြခွင့်ရတာရယ်၊ ပြီးတော့ သမ္မတကြီးနဲ့လည်း ပွင့်ပွင့်လင်းလင်း ပြောခွင့်ရတာရယ်၊ ကိုယ့်အင်အားအမှန်တွေကိုလည်း သမ္မတကြီး သိနားလည်အောင် တင်ပြခွင့်ရတာရယ်ကြောင့် အလွန်ကောင်းပါတယ်။ အားရကျေနပ်ပါတယ်။



ဦးသိန်းညွန့်
(အမျိုးသားဒီမိုကရေစီပါတီသစ် ဥက္ကဋ္ဌ)



ဦးစောသိန်းအောင်
(ဖလုံစဝေါ်ပါတီ ဥက္ကဋ္ဌ)



ဦး...
(မတူကွဲပြားခြင်းနှ...

**ဦးကောင်းမြင့်ထွန်း**
**(မြန်မာအမျိုးသားကွန်ဂရက်ပါတီ ဥက္ကဋ္ဌ)**

နိုင်ငံရေးပါတီများနဲ့တွေ့ဆုံတာ အခုဆို သုံးကြိမ်ရှိပါပြီ။ ကျွန်တော့်အနေနဲ့ တွေ့ဆုံခွင့်ရတာ နှစ်ကြိမ်ရှိပါပြီ။ အကြိမ်တိုင်းမှာ တိုးတက်အောင်မြင်မှုတွေ ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့အခုလို နိုင်ငံရေးပါတီတွေနဲ့ နွေးနွေးထွေးထွေး တွေ့ဆုံတာဟာ တိုင်းပြည်ရဲ့ အနာဂတ်အတွက် ကောင်းတဲ့အလားအလာလို့ မြင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးနေမျိုးဝေ**
**(မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ ဥက္ကဋ္ဌ)**

သမ္မတကြီးနဲ့ ပြောရတာကတော့ ကျွန်တော်တို့ (၅) မိနစ်ပေါ့ဗျာ။ ဒါပေမယ့် အရင်ထဲက စာအုပ်စာတမ်းတွေ ပေးထားတာရှိတာကိုး။ အဲဒီတော့ အဲဒါလေးတွေကို အလေးအနက်ထားပြီးတော့ ပြောပြပါတယ်။ အဓိကပြောပြတာကတော့ ဘာသာရေးနဲ့ ပတ်သက်ပြီး ပြဿနာလေးတွေ၊ နောက်တစ်ခါ မြေသိမ်း၊ ယာသိမ်းတဲ့ ကိစ္စလေးတွေ၊ လက်ပံတောင်းတောင် ကိစ္စလေးတွေပေါ့ဗျာ။ နောက် ငြိမ်းချမ်းရေးနဲ့ ပတ်သက်တာလေးတွေ၊ စာတွေလည်း ပေးထားပြီးသား။ အခုလို လူချင်းတွေ့ပြီး ပြောလိုက်ရတော့ ပိုပြီးအလေးအနက်ဖြစ်သွားတယ်လို့ ထင်ပါတယ်။

**ဦးခင်မောင်ဆွေ**
**(အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ)**

သမ္မတကြီးနဲ့ အခုလို တွေ့ရတဲ့ကိစ္စက ကျွန်တော့်အတွက် အများကြီးထိရောက်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာတွေ ပွင့်ပွင့်လင်းလင်းပြောခွင့်လည်းရတယ်။ သမ္မတကြီးရဲ့ နိုင်ငံတည်ဆောက်ရေးမှာလည်း ကျွန်တော်တို့အားလုံးလိုလိုကလည်းပဲ သဘောတူတဲ့အပိုင်းတွေရှိတော့ ဒီလိုတွေ့ဆုံပွဲတွေ ခဏခဏဖြစ်လို့ရှိရင် နိုင်ငံအတွက် ပိုကောင်းလိမ့်မယ်လို့ထင်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း**
**(ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ)**

အများကြီးအကျိုးရှိပါတယ်။ ကျွန်တော်ပွင့်ပွင့်လင်းလင်းတင်ပြရတာပေါ့။ အဓိကကတော့ ကျွန်တော်တို့ တင်ပြကြတာက ငြိမ်းချမ်းရေးကိစ္စပေါ့။ ငြိမ်းချမ်းရေးကိစ္စရယ်၊ နောက်အုပ်ချုပ်ရေး ကိစ္စပေါ့။ Power Sharing ပေါ့။ Decentralization လုပ်ဖို့ ရှင်းပြခဲ့တယ်လေ။

**ဒေါ်သန်းသန်းနု**
**(ဒီမိုကရက်တစ်ပါတီ (မြန်မာ) အတွင်းရေးမှူးချုပ်)**

ကျွန်မအနေနဲ့ သမ္မတကြီးနဲ့ တွေ့ဆုံခွင့်ရတာ ဒုတိယအကြိမ်ဖြစ်ပါတယ်။ အချိန်တိုတိုလေး ပြောရပေမယ့် သမ္မတကြီးနဲ့ ပွင့်ပွင့်လင်းလင်းပြောရတဲ့အတွက်ကြောင့် ကျွန်မတို့အများကြီး ဝမ်းသာပါတယ်။ အရေးကြီးဆုံးကတော့ ကျွန်မတို့တင်ပြခွင့်ရတာနဲ့ သမ္မတကြီးက



...ခနေဖြင့် နိုင်ငံ ...ပ်ငန်းများတွင် ...ချုပ်ရေးအမြင်၊ ...ပုံခြုံရေးအမြင်၊ ...းဖြင့် လေ့လာ ...ပါင်းဆောင်ရွက် ...ွဲ့စွက်ဆွေးနွေး

...တော်သမ္မတက ...င်းလင်းဆွေးနွေး ...ွက် ကျေးဇူး ...ပြည်သူလူထု၏ ...နှစ်ခုဖြစ်သည့် ...အေးချမ်းရေးနှင့်

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ရှင်းပြသည်။

ယင်းနောက် မိမိတို့အနေဖြင့် ပထမနှစ်နှစ်တွင် ပြုပြင်ပြောင်းလဲမှုများအတွက် လိုအပ်သည့်စွမ်းဆောင်ရည်ပြည့်ဝရေးလုပ်ငန်းများ (Capacity Building) နှင့် Institution များ တည်ဆောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ပြည်သူများ အနေဖြင့် ပြုပြင်ပြောင်းလဲမှု၏ ရလဒ်များကို လက်တွေ့ခံစားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်ပေါင်းများစွာတည်ရှိခဲ့သည့် ပြဿနာများအားလုံးကို မိမိတို့အစိုးရလက်ထက်တွင် အပြီးတိုင် ဖြေရှင်းနိုင်မည်ဟု မယုံကြည်ပါကြောင်း၊ ဖြေရှင်းနိုင်သလောက်ဖြေရှင်းပြီး နောင်အစိုးရများ လွယ်ကူစွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သည့် အခြေခံအုတ်မြစ်များ (Foundation) တည်ဆောက်ထားခဲ့မည်ဖြစ်ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီးပြည်သူကို ဗဟိုပြုသည့်စနစ်ဖြင့် အုပ်ချုပ်နိုင်ရေး ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်မှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့်အဖြစ် ဆောင်ရွက်နေပါကြောင်း။

ပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း အုပ်ချုပ်မှုကဏ္ဍ၏ ချို့ယွင်းချက်၊ အားနည်းချက်များကို တိကျသေချာသော အထောက်အထားများဖြင့် တိုင်ကြားနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် အားနည်းချက်များ၊ လိုအပ်ချက်များကို လျစ်လျူရှုထားခြင်း မရှိပါကြောင်း၊ အသိအမှတ်ပြုပြီး ဖြေရှင်းနိုင်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အားလုံးကလည်း ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(သတင်းစဉ်)**



## ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် နေပြည်တော်ရှိ တောင်သူပညာပေး ဧက (၅၀၀)စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

### ✻ မောတောင်မှ

ဖောက်လုပ်ပေးလျက်ရှိရာ မြိတ်မြို့မှ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ မော်တော်ယာဉ်ဖြင့်အချိန်လေးနာရီအတွင်း သွားရောက်နိုင်သည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်နိမိတ်မှာ မိုင်ပေါင်း ၁၃၀၀ မျှရှည်လျားပြီး ရှမ်းပြည်နယ်တွင်တာချီလိတ်နယ်စပ်ဂိတ်၊ ကရင်ပြည်နယ်တွင် မြဝတီနယ်စပ်ဂိတ်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးတွင်မူ ကော့သောင်းမြို့မှ ရေလမ်းကြောင်းဖြင့် တစ်ဆင့်ကူး၍ နယ်စပ်သို့ တရားဝင်ကူးသန်းရသည်။

ယခု မြိတ်-မောတောင်လမ်းသစ်ပြီးစီးပါက မြန်မာနိုင်ငံတစ်ဝန်းနှင့် မြိတ်ဒေသ ထွက်ကုန်များကို ထိုင်းနိုင်ငံသို့ကုန်းလမ်းခရီးဖြင့် တိုက်ရိုက်တင်ပို့နိုင်မည်ဖြစ်၍ ယခုဖွင့်လှစ်မည့် မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှာ အရေးပါသော နယ်စပ်ဂိတ်အဖြစ် ထပ်မံတိုးပွားလာမည်ဖြစ်သည်။ အဆိုပါ မောတောင်နယ်စပ် ကုန်သွယ်ရေးစခန်းဂိတ်ဖွင့်လှစ်ပြီးပါက ယခင်က ထိုင်းနိုင်ငံသို့ ခြောက်နာရီခရီးသွားရောက်နိုင်ရာမှ ယခုလမ်းသစ်ဖောက်လုပ်ပြီးပါက အချိန်လေးနာရီအတွင်း ရောက်ရှိနိုင်တော့မည်ဖြစ်၍ ရေလမ်းကြောင်းကို အသုံးပြုရန်မလိုတော့ဘဲ ကုန်းလမ်းခရီးဖြင့် အချိန်တိုအတွင်း ကုန်သွယ်မှုနှင့်ကူးသန်းသွားလာမှုပြုနိုင်တော့မည် ဖြစ်သည်။ ။

### ❖ ရွှေ့ဖုံးမှ

အေဒီဘီဒုတိယဥက္ကဋ္ဌ စတီဖင်ဂျရုဖ်က မြန်မာနိုင်ငံတွင် အနာဂတ်အတွက် မျှော်လင့်၍ စီမံခန့်ခွဲမှုတစ်ခုထားရှိရမည်ဖြစ်ပြီး ပြုပြင်ပြောင်းလဲမှုများသည် ချက်ချင်းအကောင်အထည်ပေါ်လာမည်မဟုတ်ဘဲ အချိန်ယူရဦးမည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။ မြန်မာအစိုးရအနေဖြင့် နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများသည် အနာဂတ်ကာလတွင် အကျိုးခံစားရမည်ဖြစ်ကြောင်း ပြည်သူများကို အသိပေးထားသင့်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကရင်ဆိုင်ဖြေရှင်းနေရသော ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးမှုနောက်ကျရသည့် ပြဿနာများကို အလေးထားဆောင်ရွက်နေစဉ် မြန်မာနိုင်ငံ၏ တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပုဂ္ဂလိကကဏ္ဍကို ထောက်ခံအားပေးရန်လည်း စတီဖင်က တောင်းဆိုခဲ့သည်။

အာရှနှင့် ပစိဖိတ်ဌာန အိုင်အမ်အက်ဖ် ဒါရိုက်တာအန္တပ်ဆင်းက မြန်မာအစိုးရအနေဖြင့် မေခရိုစီးပွားရေး တည်တည်ငြိမ်ငြိမ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်သင့်ကြောင်း၊ ဗဟိုဘဏ်နှင့် ပုဂ္ဂလိက ငွေကြေးရန်ပုံငွေအဖွဲ့တို့ကဲ့သို့ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ မေခရိုစီးပွားရေးတည်ငြိမ်ရန်အတွက် ငွေကြေးအဖွဲ့အစည်းများစတင်ဖွဲ့စည်းနေသည်ကိုတွေ့မြင်ရသည်မှာ ဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်း ပြောကြားသည်။ **(ဆင်ဟွာ)**



ဦးစောသိန်းအောင်
(ဖလုံစဝေါ်ပါတီ ဥက္ကဋ္ဌ)



ဦးနေမျိုးဝေ
(မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ ဥက္ကဋ္ဌ)



ဦးစိုင်းအိုက်ပေါင်း
(ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ)



ဦးဟန်ရွှေ
(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်)



ဒေါက်တာအေးမောင်
(ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ဥက္ကဋ္ဌ)

**ဦးခင်မောင်ဆွေ**
**(အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ)**

သမ္မတကြီးနဲ့ အခုလို တွေ့ရတဲ့ကိစ္စက ကျွန်တော့်အတွက် အများကြီးထိရောက်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာတွေ ပွင့်ပွင့်လင်းလင်းပြောခွင့်လည်းရတယ်။ သမ္မတကြီးရဲ့ နိုင်ငံတည်ဆောက်ရေးမှာလည်း ကျွန်တော်တို့အားလုံးလိုလိုကလည်းပဲ သဘောတူတဲ့ အပိုင်းတွေရှိတော့ ဒီလိုတွေ့ဆုံပွဲတွေ ခဏခဏဖြစ်လို့ရှိရင် နိုင်ငံအတွက် ပိုကောင်းလိမ့်မယ်လို့ထင်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း**
**(ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ)**

အများကြီးအကျိုးရှိပါတယ်။ ကျွန်တော်ပွင့်ပွင့်လင်းလင်းတင်ပြရတာပေါ့။ အဓိကကတော့ ကျွန်တော်တို့ တင်ပြကြတာက ငြိမ်းချမ်းရေးကိစ္စပေါ့။ ငြိမ်းချမ်းရေးကိစ္စရယ်၊ နောက်အုပ်ချုပ်ရေး ကိစ္စပေါ့။ Power Sharing ပေါ့။ Decentralization လုပ်ဖို့ ရှင်းပြခဲ့တယ်လေ။

**ဒေါ်သန်းသန်းနု**
**(ဒီမိုကရက်တစ်ပါတီ (မြန်မာ) အတွင်းရေးမှူးချုပ်)**

ကျွန်မအနေနဲ့ သမ္မတကြီးနဲ့ တွေ့ဆုံခွင့်ရတာ ဒုတိယအကြိမ်ဖြစ်ပါတယ်။ အချိန်တိုတိုလေး ပြောရပေမယ့် သမ္မတကြီးနဲ့ ပွင့်ပွင့်လင်းလင်းပြောရတဲ့အတွက်ကြောင့် ကျွန်မတို့အများကြီး ဝမ်းသာပါတယ်။ အရေးကြီးဆုံးကတော့ ကျွန်မတို့တင်ပြခွင့်ရတာနဲ့ သမ္မတကြီးက လိုလိုလားလားနားထောင်တဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။

**ဦးဟန်ရွှေ**
**(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်)**

ကျွန်တော်တို့ အများကြီးဝမ်းသာပါတယ်။ ကျွန်တော်တို့အနေနဲ့လည်းပဲ ပြည်သူနဲ့ပေါ့လေ၊ အုပ်ချုပ်ရေးဆက်စပ်ပေါင်းကူးဖို့ဆိုတာ ကျွန်တော်တို့ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍက အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ မဲဆန္ဒရှင်တွေ၊ ပါတီဝင်တွေနဲ့ ဆက်ဆံရေးနဲ့ ပါတီတွေက ပြည်သူတွေနဲ့ အမြဲတမ်း ထိတွေ့နေရတဲ့ အခြေအနေမျိုးပါ။ ဒီလိုသမ္မတကြီးနဲ့ဆုံတဲ့အခါမှာ ပြည်သူရဲ့အသံကို ကျွန်တော်တို့က သမ္မတကြီးထံ တင်ပြရတဲ့အခါကျတော့ သမ္မတကြီးလည်းသိသွားတယ်။ ပြည်သူကို ဗဟိုပြုတဲ့ အစိုးရမျိုး၊ ပြည်သူကို အကျိုးပြုတဲ့ အစိုးရမျိုးဖြစ်ဖို့အတွက် ကျွန်တော်တို့ နိုင်ငံရေးပါတီတွေက အများကြီးအထောက်အကူပြုနိုင်တဲ့အတွက် ဝမ်းလည်းသာပါတယ်။ အများကြီးလည်း ပီတိဖြစ်ပါတယ်။ သမ္မတကြီးပြောသလို အမြဲတမ်းမကြာခဏ ကျွန်တော်တို့နဲ့ ထိတွေ့ပြီးတော့ ပွင့်ပွင့်လင်းလင်း ပြောတာဆိုတာ နားထောင်ချင်ပါတယ်ဆိုတဲ့ သမ္မတကြီးရဲ့ ဆန္ဒကို အများကြီးလေးစားပါတယ်။

**ဦးစောထွန်းအောင်မြင့်**
**(ကရင်ပြည်သူ့ပါတီ ဥက္ကဋ္ဌ )**

အခုလို သမ္မတကြီးရဲ့ အစီအစဉ် အင်မတန်မှ အားရပါတယ်။ Nation Building, State Building, Peace Building လုပ်တဲ့အပိုင်းကို ကျွန်တော်တို့ အများကြီးထောက်ခံအားပေးပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ကို တိုင်းပြည်အေးချမ်းဖို့ လိုပါတယ်။ တိုင်းပြည်အေးချမ်းဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ဖို့လိုပါတယ်။ ဒီအပိုင်းမှာ ငြိမ်းချမ်းရေးကို အားပေးတာကို အများကြီးဝမ်းသာပါတယ်။ အထူးသဖြင့် ကျွန်တော်တို့က ဒီပါတီစုံဒီမိုကရေစီစနစ်မှာပါတီတွေဟာ အင်မတန်မှ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါတဲ့အတွက် ဒီပါတီတွေကို အခုလို ခေါ်တွေ့ခြင်းသည် ကျွန်တော်တို့ သန်းပေါင်း ၆၀ ကျော်သော ပြည်သူကို ခေါ်တွေ့တဲ့ သဘောမျိုးဖြစ်ပါတယ်။ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပြောဆိုရတဲ့အတွက် သမ္မတကြီးကို အများကြီးကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာအေးမောင်**
**(ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ဥက္ကဋ္ဌ)**

ကျွန်တော် ဒီကို နှစ်ကြိမ်ရောက်ပြီးပါပြီ။ သမ္မတကြီးရဲ့ Mission တွေဖြစ်တဲ့ Nation Building, State Building, Peace Building တွေကို ထောက်ခံပါတယ်။ နောက်သွားချင်တဲ့ ပန်းတိုင်ကို ကြည့်တဲ့အခါ အားလုံးပါဝင်အောင်လုပ်မယ်ဆိုတာမျိုး ပြောသွားပါတယ်။ ဒါနဲ့ပတ်သက်လို့ နိဂုံးချုပ်တဲ့အခါမှာ ပြည်သူကို ဗဟိုပြုတဲ့ အစိုးရဖြစ်ဖို့ ဦးတည်တယ်။ ကျွန်တော်တို့ပါတီကို ဖိတ်တယ်ဆိုတာ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားကို တွေ့သလိုပဲလို့မှန်းလို့ရပါတယ်။ ပါတီချင်းတွေ့ကြတယ်။ နောက် နိုင်ငံတော်အကြီးအကဲက ပါတီတွေကို ခေါ်တွေ့တယ်ဆိုတာ လူထုကို ကိုယ်စားပြုနိုင်မယ့်၊ ကိုယ်စားပြုတဲ့ ပါတီတွေကို တွေ့တဲ့ သဘောမျိုးမို့ အများကြီး ဝမ်းသာပါတယ်။ ချပြတဲ့အပိုင်းမှာလည်း လက်ရှိအားလုံးအတွက် ပထမဦးစားပေးက ငြိမ်းချမ်းရေးလို့ ရည်ညွှန်းပါတယ်။ ကျွန်တော်တို့ကလည်း လက်ခံတယ်။ ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့က ဆွေးနွေးကြပါတယ်။ ဒီ State နဲ့ ပတ်သက်တဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းကို တစ်ဆင့်ချင်းတစ်ဆင့်ချင်း သွားတဲ့အခါကျတော့ မငြိမ်းချမ်းမှုက ပင်ရင်းပဲလို့ မြင်ပါတယ်။ ပြုပြင်ပြောင်းလဲဖို့လိုတယ်ဆိုတဲ့ အမြင်ကိုလည်း ရပါတယ်။ ဒါမှလည်း ကျွန်တော်တို့ဟာ ပြုပြင်ပြောင်းလဲမှုကိုလုပ်နိုင်မှ ငြိမ်းချမ်းရေးလိုအပ်ချက်ဟာ ပြည့်စုံသွားမှာ ဖြစ်ပါတယ်။ ဒီလို Decentralization လုပ်ဖို့၊ အုပ်ချုပ်ရေးပိုင်းမှာ အောက်ခြေအဆင့် မပြောင်းလဲသေးဘူး။ ကျွန်တော်တို့ အပါအဝင် ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားမယ်။ ၂၀၁၅ ခုနှစ်မတိုင်ခင် သမ္မတကြီး ဦးဆောင်တဲ့ အစိုးရလက်ထက်မှာ ကျွန်တော်တို့ လိုလားတဲ့ Mission အားလုံးဟာ အောင်မြင်သွားနိုင်တယ်၊ ပန်းတိုင်ဆီသို့ ရောက်နိုင်မယ်လို့ ထင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

# ရေတာရှည်၊ တောင်တွင်းကြီး၊ ဆင်ပေါင်ဝဲ၊ ကျောက်ပန်းတောင်းနှင့် နတ်တလင်းတို့၌ မိုးများထစ်ချုန်း၍၊ လေပြင်းတိုက်ခတ်

## ရေတာရှည်

မေ ၃ ရက် ညနေ ၄ နာရီ ၁၀ မိနစ်ခန့်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးများထစ်ချုန်းရွာသွန်းခဲ့ပြီး နေရာအချို့တွင် မိုးသီးများကြွေကျကာ လေပြင်းတိုက်ခတ်ခဲ့သဖြင့် ဆွာမြို့နှင့် အနီးဝန်းကျင်ကျေးရွာများတွင် စာသင်ကျောင်း အမိုးများလန်၍ ပျက်စီးခဲ့ပြီး သစ်ပင်များပြိုလဲခြင်း၊ လျှပ်စစ်မီးတိုင်များ၊ တယ်လီဖုန်းကြိုးတိုင်များ ပြိုလဲခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မိုးရွာလေပြင်းတိုက်ခတ်မှုကြောင့် ဆွာမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် သွပ်မိုးများလန်၍ပျက်စီးခဲ့ပြီး ကျောင်းတောင်ဘက်ရှိ အုတ်တံတိုင်းမှာ သစ်ပင်ပိ၍ပြိုကျပျက်စီးသွားခဲ့သည်။ ထို့အတူ လျှပ်စစ်ဓာတ်တိုင်နှင့် ဓာတ်ကြိုးများ ပြိုလဲပြတ်ကျခဲ့ပြီး ဆွာမြို့မြောက်ဘက်အထွက် သစ်ထုတ်လုပ်ရေးဌာနနှင့် ယန္တရားအလုပ်ရုံကြား ရန်ကုန်-မန္တလေးကားလမ်းအနောက်ဘက်ရှိ တယ်လီဖုန်းဆက်သွယ်ရေးတိုင်များ ပြိုကျပျက်စီးသွားခဲ့သည်ကို တွေ့ရှိရသည်။

ထို့အပြင် ဆွာမင်းလမ်းကျေးရွာအုပ်စု ကရင်ကျေးရွာ အစိုးရမူလတန်းကျောင်း သွပ်အမိုးများလန်၍ မှန်တံခါးချပ်အချို့ကွဲကာ ပျက်စီးခဲ့ပြီး တံတားကြီးကျေးရွာရှိ နေအိမ်ငယ်တစ်လုံး ပြိုလဲပျက်စီးခဲ့သည်ကို တွေ့ရသည်။ ထိုသို့ မိုးရွာသွန်းစဉ် ရေနီမြို့၌ ကွမ်းသီးလုံးအရွယ်ခန့်ရှိ မိုးသီးများကျဆင်းခဲ့ကြောင်း ရေနီမြို့ရှိ ရွှေလီစားသောက်ဆိုင်မှ အမျိုးသမီးတစ်ဦးက ပြောပြသည်။ ဆွာမြို့နှင့် အနီးတစ်ဝိုက်တွင် မိနစ် ၄၀ ခန့်ကြာ လေပြင်းတိုက်ခတ်ခဲ့ရာတွင် ကိုယ်တိုင် တွေ့ကြုံခဲ့ရသူတစ်ဦးက "လေက အနောက်ကနေအရှေ့ကို တိုက်တာ၊ တော်တော်လေး ပြင်းတယ်၊ အိမ်က ယိမ်းထိုးနေလို့ သမီးကကြောက်ပြီး အိမ်ပေါ်မှာ လျှောက်ပြေးနေတာ၊ တော်တော်လေးကြောက်စရာကောင်းပါတယ်"ဟု တံတား ကြီးကျေးရွာနေ မသီတာက ပြောပြသည်။

လေပြင်းတိုက်ခတ်မှု ဖြစ်ပွားပြီးနောက် ရေတာရှည်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးကျော်နှင့်တာဝန်ရှိသူများက လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် လျှပ်စစ်ဓာတ်တိုင်များ၊ တယ်လီဖုန်းကွန်ကရစ်တိုင်များ အမြန်ဆုံး ပြန်လည်တပ်ဆင်နိုင်ရန် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ အမြန်ဆုံးပြန်လည်တပ်ဆင်လျက်ရှိကြောင်း သိရသည်။ **(၅၇၈)**

## တောင်တွင်းကြီး

အလားတူ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် မေ ၃ ရက် မွန်းလွဲ ၂ နာရီခွဲက လေပြင်းတိုက်ခတ်ခဲ့သဖြင့် ကုက္ကိုခွကျေးရွာမှ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်အချို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။





လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းသွပ် အချပ် ၁၃၀၊ အထက ကျောင်းခွဲ သွပ် ၂၀၄ ချပ်၊ အမက(၂) ကျောင်း သွပ်အချပ် ၄၀၊ ကုက္ကိုခွဈေးသွပ် အချပ် ၆၀၊ အမိုးများလန်၍ပျက်စီးခြင်း၊ လူနေအိမ်အလုံး ၈၀ အမိုးလန် ပျက်စီးခြင်း၊ သွပ်မိုးထရံကာ လူနေအိမ်သုံးလုံးနှင့် သက်ငယ်မိုးထရံကာ လူနေအိမ်ငါးလုံးတို့ ပြိုကျပျက်စီးကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအချို့၌ သစ်ပင်၊ သစ်ကိုင်းများလဲကျခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်ခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုလုံးဝမရှိကြောင်း သိရသည်။ **(၅၈၀)**

## ဆင်ပေါင်ဝဲ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် မေ ၃ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ဆောင်စမ်းကျေးရွာ၊ လှေဝန်း ကျေးရွာ၊ စစေးကျေးရွာ၊ ငွေးချိုကျေးရွာနှင့် သင်္ဘောကျေးရွာတို့ရှိ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများနှင့် လူနေအိမ်အချို့ အိမ်အမိုးလန်ခြင်း၊ ဒိုင်းမြားများ ကျွတ်ထွက်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် အထကခွဲကျောင်း တစ်ကျောင်း၊ အမကကျောင်း တစ်ကျောင်း၊ ဘုန်းကြီးကျောင်း သုံးကျောင်းနှင့် လူနေအိမ် ၅၀ ခန့် အမိုးလန်ခြင်း၊ ဒိုင်းမြားများကျွတ်ထွက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဝသန်ထွန်း(မကွေးကိုယ်ပွား)**

## ကျောက်ပန်းတောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မေ ၃ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က လေပြင်းများတိုက်ခတ်သဖြင့် ကျေးရွာအချို့တွင် လူနေအိမ်များပျက်စီးခြင်းနှင့် သစ်ပင်ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ လူနေအိမ်၊ ဘုန်းတော်ကြီးကျောင်းနှင့် အဆောက်အအုံ စုစုပေါင်း ၉၇ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။ **(၆၂၈)**

## နတ်တလင်း

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် မေ ၃ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့ရာ ရွှေကြာပင်ကျေးရွာတွင် နေအိမ် ၂၉ လုံး၊ ရိုးကန်ကျေးရွာတွင် အိမ်ခုနစ်လုံး၊ထန်ပင်ကုန်းကျေးရွာတွင် အိမ် လေးလုံး၊ ချောင်းနားစုကျေးရွာတွင်အိမ်သုံးလုံး၊ ဘုရားကြီးကုန်းကျေးရွာတွင် အိမ်တစ်လုံး၊ သခွတ်တန်းကျေးရွာတွင် အိမ်နှစ်လုံး၊ လှပခြင်းကျေးရွာတွင် အိမ်တစ်လုံးတို့မှာ အမိုးလန်ခြင်း၊ အဆောက်အအုံပြိုလဲပျက်စီးခြင်း၊ လှပခြင်း ကျေးရွာ မူလတန်းလွန်ကျောင်းတွင် သွပ်အမိုးများလန်ခြင်းတို့ ဖြစ်ပွားခဲ့၍ နတ်တလင်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ကမ္ဘာ့ရွှေဈေးကျဆင်းမှုနဲ့အတူ ဘော်အမှိုက်လုပ်သူများပါ အခက်တွေ့

မကွေး မေ ၅

၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၃ ခုနှစ် ဧပြီလအတွင်း ကမ္ဘာ့ရွှေဈေးစံချိန်တင် ကျဆင်းမှုရှိခဲ့ကြောင်း သိရသည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ ဘော်အမှိုက်လုပ်သူတစ်ဦးအား မေးမြန်းကြည့်ရာ "ဆေးရည်ဝယ်ပြီး ချက်ချင်းထုတ်ဖြစ်တာ မဟုတ်ဘူး၊ များလာအောင်စုပြီးမှ ဘော်ထုတ်တာ၊ သင်္ကြန်ကာလနဲ့ သွားဆုံတယ်၊ သင်္ကြန်ပြီးလို့ ဘော်ရောင်းမယ်လည်း ကြံရော ရွှေဈေးတွေကျလို့ ဘော်ဈေးပါ လိုက်ကျသွားတယ်၊ ရွှေဈေးပုံမှန်အချိန်မှာတောင်မှပဲ ရှုံးတဲ့အခါရှုံး၊ မြတ်တဲ့အခါ မြတ်နဲ့ ဆေးရည်(ကုန်ကြမ်း)ဈေးနှုန်း၊ မီးသွေး၊ လုံ၊ ဓာတုပစ္စည်းစတဲ့ နောက်လိုက်စရိတ်တွေနဲ့တွက်ရင် တကယ်တမ်းကျတော့ ဖွတ်စားပါပဲ၊ အခုဆိုကုန်ကြမ်းဝယ်ဖို့ကျတော့လည်း အရင်ဝယ်ဈေးနဲ့ မဝယ်ရင် ရောင်းတဲ့သူတွေက ဈေးနှိမ်တယ်ထင်ပြန်ရောဗျာ၊ ကျွန်တော်တို့ ဘော်(ငွေ)ထုတ်ပြီး ပြန်ရောင်းရတဲ့ဈေးက အခုပေါက်ဈေးနဲ့ဆိုတော့ အရောင်းခက်၊ အဝယ်ခက်ဖြစ်နေတာပေါ့ဗျာ"ဟု ပြောကြားသွားသည်။

ဖလင်၊ ဓာတ်မှန်ဆေးရည် (ဖလင်ကိုဆေးသော Fiher ဆေးရည်ဟောင်း)၊ ဓာတ်ပုံကူးစက်မှ ကျသော စက်ကျရေ (P2)တို့မှ ဓာတုပစ္စည်းများနှင့်ဖမ်းပြီး ရလာသောအနှစ်များကို အင်္ဂရတ်ထိုးသကဲ့သို့ လုံ၊ မီးသွေးတို့နှင့်ထိုးပြီး ဘော်ကို ထုတ်ယူကြရခြင်းဖြစ်သည်။**(အပေါ်ယာပုံ)** ဘော်ကို ရွှေချတ်ရာ(သန့်စင်)ရာတွင် အသုံးပြုကြခြင်း၊ လက်ဝတ်ရတနာ(ရွှေရည်စိမ်၍)အဖြစ် အသုံးပြုခြင်း၊ ဖန်စီအဖြစ် ဝတ်ဆင်ခြင်းတို့တွင် အသုံးပြုကြပြီး ပြည်တွင်းဈေးကွက် အတွင်းတွင်သာမက ထိုင်း၊ အိန္ဒိယနိုင်ငံတို့ကပါ ဝယ်ယူမှုရှိသည်။ ယင်းဘော်ဈေးအတက်အကျမှာ ရွှေဈေးနှင့် ဆက်စပ်မှုရှိပြီး မေ ၃ ရက်ထိ ဘော်တစ်ကျပ်သားလျှင် ကောက်ဈေး ကျပ် ၈၆၀၀ (တိုလာချိန်ဖြင့်) သာရှိကြောင်း သိရသည်။



**ဝသန်ထွန်း(မကွေးကိုယ်ပွား)**

# တောင်ဥက္ကလာပ ဝေဇယန္တာလမ်း ကွန်ကရစ်ထပ်ပိုးလွှာခင်း

ရန်ကုန် မေ ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့တော်ရန်ကုန် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ဝေဇယန္တာလမ်းအပိုင်းကို လမ်းသားမြှင့်တင်နိုင်ရန် ကွန်ကရစ်ထပ်ပိုးလွှာများ ခင်းကျင်း ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

"ဝေဇယန္တာလမ်းမကြီးက မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သယ်င်္န်းကျွန်းမြို့နယ် သုဝဏ္ဏတို့ကို ဖြတ်သန်းဆက်သွယ်ဖောက်လုပ်ထားတဲ့ လမ်းမကြီးပါ။ မိုးရာသီမှာ ဝေဇယန္တာလမ်းမကြီးကို ရေကျော်မှုဖြစ်စဉ် မဖြစ်ပွားအောင် ကြိုတင်ပြီး လမ်းသားမြှင့်တင်နေတာပါ"ဟု ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

**(မောင်သုည)**

# အမြန်လမ်းမတွေမှာ မိုင်တိုင် (မှတ်တိုင်) မှားယွင်းမဆင်းမိစေလို

နေပြည်တော်မှ ရန်ကုန်မြို့သို့ ဧပြီ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရောင်နီထွန်းအမြန်မော်တော်ယာဉ်ဖြင့် ပြန်လာခဲ့စဉ် မော်တော်ယာဉ်ပေါ်မှ အမှတ်မထင်ကြားလိုက်ရသည့်အဖြစ်လေးတစ်ခုကို သတိပြုမိလို့ရေးသားလိုက်ပါသည်။ ပိုင်အိုးနီးယားစားသောက်ဆိုင် ၁၁၅ မိုင်မှ ထွက်လာသည့် အမြန်လမ်းတစ်လျှောက် ခရီးသည်များ အဆင်းမရှိဘဲ မိုင်တိုင် (၄၀)အတွင်း ချင်းနင်းဝင်ရောက်လာစဉ် ဆယ်ကျော်သက်အရွယ် ခရီးသွားမိန်းမပျိုလေးတစ်ဦးထွက်လာပြီး "၂၅ မိုင်ပါတယ်နော်" လို့ ယာဉ်မောင်းကိုပြောလိုက်သည်။ ယာဉ်မောင်းကလည်း သတိကြီးစွာဖြင့် "နင့်အမေမှာလိုက်တာ ၂၀ မိုင် ၅ ဖာလုံပါ" "ဟုတ်တယ်. . . ဟုတ်တယ်. . အမေမဟုတ်ပါဘူး. . . အစ်မ" သူတို့နှစ်ဦး၏ ၂၅မိုင်နှင့် ၂၀ မိုင် ၅ ဖာလုံ မည်သူမှားသည်မှန်သည်ကို မပြောလို။ သတင်းသမားပီပီ စိတ်ဝင်စားစရာတစ်ခုအဖြစ် လမ်းကြောတစ်လျှောက် မိုင်တိုင်လေးများကို သတိပြုလေ့လာခဲ့သည်။

အချိန်က ညနေ ၅ နာရီ မိနစ် ၂၀ ခန့်ရှိပါပြီ။ မော်တော်ယာဉ်ကလည်း ဖြည်းဖြည်းနှင့်မှန်မှန် မောင်းနှင်နေသည်။ နေပြည်တော်-ရန်ကုန် အမြန်လမ်း မိုင်တိုင်များကို မြို့ပြင်နေ ပြည်သူများက မှတ်တိုင်များအဖြစ် အသုံးပြုနေကြရပါသည်။ မိုင်တိုင်(၂၅)ကို မြင်ရပါပြီ။ မော်တော်ယာဉ်ပေါ်မှ လှမ်းကြည့်ရာ လူသူလေးပါးရှင်းနေသည်ကို သတိပြုမိလိုက်သည်။ တစ်ခြံနှင့်တစ်ခြံ အလှမ်းကွာဝေးပြီး စိမ်းစိုနေသော ခြံကျယ်ဝင်းကျယ်များကိုသာ တွေ့လိုက်ရသဖြင့် ဆယ်ကျော်သက်အရွယ် ခရီးသွားမိန်းမပျိုအတွက် တွေးကြည့်မိရင် မတွေးဝံ့စရာဖြစ်ခဲ့ရသည်။ မော်တော်ယာဉ်က အမြန်လမ်းပေါ်မှာ ခရီးဆက်နေရာ တစ်မိနစ်ကိုတစ်မိုင်နှုန်းဖြင့် အေးရာအေးကြောင်း မောင်းနှင်နေပါသည်။ ၅ မိနစ်ခန့်အကြာတွင် မြင်ကွင်းသည် ထင်သာမြင်သာ ပြောင်းလဲသွားသည်။ ဆိုင်ခန်းလေးနှင့် လူအုပ်စုလှုပ်ရှားနေသည်ကို မြင်လာရသည်။ သူမဆင်းရမည့် ၂၀ မိုင် ၅ ဖာလုံကိုရောက်မှ စာရေးသူ သက်ပြင်းချနိုင်သည်။ သာမန်အားဖြင့် မထူးဆန်းလှသော်လည်း ကားပေါ်ပါ အသက်(၅၀)ကျော် အမျိုးသမီးခရီးသွားက "ဟိုကလေးမ ၂၅ မိုင်မှာသာ မှားပြီးဆင်းမိရင် မိုးချုပ်လာလို့ကတော့ အန္တရာယ်တွေ မတွေးရဲလောက်အောင်ပါပဲ၊ ရှေ့ဆက်သွားဖို့ကလည်း အခက်၊ ကျွန်မသာဆို ကြောက်လွန်းလို့ ထိုင်ငိုနေမိမှာ. ."။ အမေ၊ အစ်မများကို မှာလိုက်ချင်ပါသည်။ မိန်းမပျိုလေးများကို တစ်ယောက်ထဲ ခရီးဝေးခိုင်းရင် ဆင်းရမည့်မိုင်တိုင်(မှတ်တိုင်) အမှတ်မမှားဖို့ အတန်တန်သတိပေးပါ။ မေ့တတ်ရင်စာရေးပေးထားပါ။ ကြိုမည့်သူရှိရင် သေသေချာချာ မှာပါ။ လိုအပ်တဲ့အကူအညီများကိုလည်း ယာဉ်ကြီးကြပ်၊ ယာဉ်မောင်း၊ ယာဉ်အကူများထံ တောင်းခံပါက အထောက်အကူတစ်ရပ် ဖြစ်ပေါ်စေမည်ဖြစ်သည့်အတွက် အထူးအလေးထားဆောင်ရွက်စေလိုကြောင်း မိဘပြည်သူများအား တိုက်တွန်းရေးသားလိုက်ရပါသည်။

(၇၀၁)


# ဂုဏ်ယူဝမ်းမြောက်သာဓုအနုမောဒနာခေါ်ဆိုခြင်း

Culture Tradition, Custom and Literature of East-Poekaren in Myanmar စာတမ်းပြုစုသူ ကရင်ပြည်နယ်၊ ငြိမ်းချမ်းရေးဩဝါဒါစရိယဆရာတော်၊ ဘားအံမြို့၊ တောင်ကလေးပရိယတ္တိစာသင်တိုက်၏ နာယကချုပ် ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ပညာသာမိ(တောမိရဟန်း)အား အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့ရှိ Indian Institute of Oriental Heritage မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Honorary Ph.D) ချီးမြှင့်ပါသဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက် သာဓုအနုမောဒနာ ခေါ်ဆိုပါသည်။

ခန္ဓာနာမ်ရုပ်၊ မချုပ်သေးလျှင်
ရုပ်နာမ်နှစ်ပါး၊ ထင်ရှားရှိစဉ်
သာသနာအကျိုး၊ သယ်ပိုးဆောင်မည်
မေတ္တာဓာတ်၊ ကိစ္စအောင်ရမည်။

ရန်ကုန်မြို့မှတပည့်
ဒါယကာ၊ ဒါယိကာမများ

# ဝီလ်စမစ်ကို ထပ်မံတွေ့ရဦးမည့် Man in Black4 နှင့် After Earth ဇာတ်ကားများ

Man in Black ဇာတ်ကား၏ စတုတ္ထမြောက် ဇာတ်လမ်းတွဲကို စာရေးဆရာ Oren Uziel က ရေးသားလိမ့်မည်ဖြစ်သည်။ သို့သော် ယင်းစာရေးဆရာသည် ယင်းဇာတ်ကားအား ဒုတိယဦးစားပေးအဖြစ် ရည်ရွယ်ထားပြီး 21 Jump Street 2 ဇာတ်ညွှန်းကို ဦးစားပေးရေးသားမည်ဟု ဆိုသည်။

Man in Black 4 ဇာတ်ညွှန်း၏ နိဒါန်းနှင့် ဇာတ်လမ်း၏ အဓိကဇာတ်ဆောင် ဟောလိဝုဒ်မင်းသား ဝီလ်စမစ်၏ရပိုင်ခွင့်များကို ချဲ့ထွင်ရန် မကြံစည်နိုင်သေးပေ။ Man in Black ဒုတိယမြောက်ဇာတ်ကားမှာ ဝင်ငွေကောင်းခဲ့ပြီး ဝီလ်စမစ်နှင့် ဂျိုဘရိုလင်းတို့ တွဲဖက်သရုပ်ဆောင်ထားသည့် Man in Black 3 ဇာတ်ကားမှာလည်း အမေရိကန်ဒေါ်လာ ၆၂၄ သန်း ဝင်ငွေရရှိကာ စိတ်ကျေနပ်မှု ရရှိခဲ့သည်။

Man in Black 4 ၌ ဇာတ်ကောင်အမ်မာသွန်ပ်ဆန်ဖြစ်သူ မင်းသားကြီး ဂျိုဘရိုလင်း ပြန်လည်ပါဝင်မည် မဟုတ်သော်လည်း ယခင်ဇာတ်ကောင်



များ ပြန်လည်ပါဝင်ဦးမည်ဖြစ်ပြီး ကုန်ကျစရိတ်များမည် ဖြစ်သည်။ ယင်းဇာတ်ကား၏ ဒါရိုက်တာမှာ Barry Sonnenfeld ဖြစ်ပြီး Steven Spielbery က ထုတ်လုပ်မည်ဖြစ်သည်။ စာရေးဆရာ Uziel ၏ Man in Black 4 ဇာတ်လမ်းသည် သိပ္ပံ၊ ထိတ်လန့်ဖွယ်များနှင့် ဟာသတို့ ရောစပ်ထားသည်။

ယင်းဇာတ်ကားမှ အဓိကသရုပ်ဆောင်မည့် မင်းသား ဝီလ်စမစ်သည် နောက်ထပ်ရိုက်ကူးမည့် ၎င်း၏ After Earth ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရန် ကိုရီးယားဟစ်ဟော့ပ်အဆိုတော်တစ်ဦးကို ဖိတ်ခေါ်ခဲ့သည်။ ၎င်း ဟစ်ဟော့ပ်အဆိုတော်မှာ ဂျေပက်ခ်ဆိုသူ ဖြစ်သည်။

ဝီလ်စမစ်က ၎င်း၏ထိတ်လန့်ဖွယ်သိပ္ပံဇာတ်ကား After Earth ၌ ဂျေပက်ခ်အား ပါဝင်စေလိုခြင်းမှာ ၎င်းအား ဟောလိဝုဒ်လောကထဲသို့ ဆွဲသွင်းလိုခြင်းဖြစ်ပြီး အနာဂတ်၏ ကိုရီးယားကြယ်တစ်ပွင့် ဖြစ်စေလိုသော ပုဂ္ဂိုလ်ရေးဆန္ဒသာဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။

ဂျေပက်ခ်သည် ယင်းဇာတ်ကားအတွက် ပူးပေါင်းလှုပ်ရှားခဲ့ပြီး ၎င်း၏ I like to Party သီချင်းအား After Earth ဇာတ်ကား၏ အဆုံးသတ်တေးသီချင်းအဖြစ် အသုံးပြုဖွယ်ရှိသည်။

ကိုရီးယား၌ After Earth ဇာတ်ကားအား ယခုလအကုန်တွင် အကြိုတင်ဆက်ပွဲ ကျင်းပရန် စီစဉ်ထားပြီး မေ ၇ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပမည့် ယင်းဇာတ်ကားကြော်ငြာပွဲအား ၎င်းတို့နှစ်ဦး တက်ရောက်လိမ့်မည်ဖြစ်သည်။

မင်းသား ဝီလ်စမစ်က "ကျွန်တော့်ဇနီးနှင့်သမီးက နိုင်ငံတကာတေးဂီတကို အတော်စိတ်ဝင်စားကြတယ်ဗျ။ သူတို့က ကိုရီးယားအမျိုးသမီးအဆိုတော်အဖွဲ့ Wonder Girls အကြောင်း ပြောပြတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကိုရီးယားသီချင်းတွေအားပေးနေတဲ့ ပရိသတ်တစ်ဦးပါ။ အမှန်တိုင်းပြောရရင် ကိုရီးယားသီချင်းတွေနဲ့ပတ်သက်ပြီး သိပ်မသိပါဘူး"ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

မည်သို့ပင်ဆိုစေ ကိုရီးယားတေးသီချင်းများကို နှစ်သက်သူ ဂျေပက်ခ်တစ်ယောက်ကတော့ After Earth ဇာတ်ကား ရုံတင်မည့်နေ့ကို စိတ်အားထက်သန်စွာ မျှော်လင့်လျက်ရှိသည်။

## Bu Bu Jing Qing ရုပ်သံဇာတ်လမ်းတွဲ ရှေ့ဆက်ရန် ခြေလှမ်းပြင်

စိတ်ကူးယဉ်ဝတ္ထုရှည် Bu Bu Jing Xin ကို Bu Bu Jing Qing အဖြစ် အသက်သွင်းခဲ့သည့် ၂၀၁၁ ခုနှစ်က စတင်ရိုက်ကူးခဲ့သော ထိပ်တန်းတရုတ်ဒရမ်မာရုပ်သံဇာတ်လမ်းတွဲ၏အဆုံးသတ်မှာ မျှော်လင့်ချက်နှင့် စိုးရိမ်စိတ်တို့ တစ်လှည့်စီဖြစ်နေပုံနှင့်အဆုံးသတ်ခဲ့ပြီးနောက် ယင်းဇာတ်လမ်းတွဲ၏ နောက်ဆက်တွဲကို မတ်လ ၂ ရက်ကတည်းက Tianjin မြို့၌ စတင်ရိုက်ကူးခဲ့ပြီဖြစ်ကြောင်း Tangren ကုမ္ပဏီ၏ ထုတ်လုပ်သူက မကြာသေးမီက အတည်ပြုပေးခဲ့သည်။

ယင်းဇာတ်လမ်းတွဲအစောပိုင်း၌ ပါဝင်ခဲ့သည့် Nicky Wu၊ Cecilia Liu၊ Ye Zuxin နှင့် Damian Lau တို့ ပြန်လည်ပါဝင်မည်ဖြစ်သော်လည်း တရုတ်မင်းသား Kevin Cheng မှာ စိတ်ထိခိုက်စရာများနှင့်ကြုံတွေ့နေရသောကြောင့် ပါဝင်တော့မည်မဟုတ်ဘဲ ၎င်း၏နေရာတွင် တရုတ်မင်းသား Sun Yizhou ကို ယင်းဇာတ်လမ်းတွဲနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ခေါ်ယူဖွယ်ရှိကြောင်း သိရသည်။




## ပြင်သစ်၌ သူစိမ်းတစ်ဦးနှင့် တစ်နေ့တာ အချိန်ဖြုန်းမည့် မင်းသမီးဇင်တာ

၂၀၀၃ ခုနှစ်က Kal Ho Na Ho ဇာတ်ကားဖြင့် အကောင်းဆုံးမင်းသမီးဆုကို ဆွတ်ခူးခဲ့သူ ဘောလိဝုဒ် မင်းသမီး ပရီတီးဇင်တာက ခေတ္တဆိုင်းငံ့ထားသော သူမ၏ Ishkq In Paris ဇာတ်ကား ဖြန့်ချိမည့်နေ့ရက်ကို ထုတ်ပြန်ခဲ့သည်။

ယင်းဇာတ်ကားအား မေ ၂၄ ရက်တွင် ပရိသတ် ရှေ့မှောက်သို့ အရောက်ပို့ပေးနိုင်ဖွယ်ရှိကြောင်း ယင်းဇာတ်ကားနှင့် ပတ်သက်ပြီး စိတ်လှုပ်ရှားနေရပါကြောင်း မင်းသမီးဇင်တာက လူမှုရေးဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ယင်းဇာတ်ကားမှာ သူစိမ်းယောကျ်ားလေးနှင့် သူစိမ်းအမျိုးသမီးတို့နှစ်ဦး ပြင်သစ်၌ တစ်ရက်တာအတူတကွ အချိန်ဖြုန်းကြရန် စီစဉ်ကြရာမှ ရင်ခုန်ဖွယ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်တည်လာပုံကို ပုံဖော်ထားခြင်းဖြစ်သည်။

မင်းသမီး ပရီတီးဇင်တာက ယင်းဇာတ်ကား၏ ဇာတ်ညွှန်းနှင့် ဖြန့်ချိရေးတို့တွင် ပူးပေါင်းကူညီခဲ့သည်။

Ishkq In Paris ဇာတ်ကား၌ ဘောလိဝုဒ်မင်းသား Gaurav Chanana၊ ပြင်သစ်မင်းသမီးနှင့် နှစ်ထပ်ကွမ်း အကယ်ဒမီဆုရှင် Isabelle Adjani တို့ ပါဝင်သရုပ်ဆောင်ထားကာ မေ ၂၄ ရက်တွင် ဖြန့်ချိရုံတင်ဖွယ်ရှိသည်။

ဇေယျာလင်း
စုစည်းဖော်ပြသည်

### ရေရှားပါးသည့်ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် အလှူငွေများ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စက်ရေတွင်းတစ်တွင်းလျှင် ကုန်ကျစရိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | ၂" Ø ×၂၀၀' | ၂" Ø ×၄၀၀' | ၄" Ø ×၂၀၀' | ၄" Ø ×၄၀၀' |
|---|---|---|---|---|---|
| (က) | စက်ရေတွင်း တူးဖော်ခြင်း | ၄. ၉၅သိန်း | ၉. ၀၅သိန်း | ၉. ၉၅သိန်း | ၁၉. ၀၅သိန်း |
| (ခ) | လေမှုတ်စက်+ အင်ဂျင်တပ်ဆင်ခြင်း | ၂. ၃၅သိန်း | ၃. ၂၅သိန်း | ၂. ၃၅သိန်း | ၃. ၂၅သိန်း |
| (ဂ) | ရေစက်ရုံ ဆောက်လုပ်ခြင်း | ၄. ၇သိန်း | ၄. ၇သိန်း | ၄. ၇သိန်း | ၄. ၇သိန်း |
| (ဃ) | ဂါလံ(၂၀၀၀)ဆံ့ ရေကန် | ၁၃ သိန်း | ၁၃သိန်း | ၁၃သိန်း | ၁၃ သိန်း |
| | စုစုပေါင်း | ၂၅သိန်း | ၃၀သိန်း | ၃၀ သိန်း | ၄၀ သိန်း |

၂။ သို့ဖြစ်ပါ၍ စေတနာရှင်ပြည်သူ/အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။ လှူဒါန်းလိုပါက ညွှန်ကြားရေးမှူးချုပ်(၀၆၇-၄၀၉၀၂၆)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)(၀၆၇-၄၀၉၂၁၁)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း)(၀၆၇-၄၀၉၃၆၂)၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)(၀၆၇-၄၀၉၄၀၉)၊ ဒုတိယညွှန်ကြားရေးမှူး (၀၁-၂၀၂၇၁၄) ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ရေအကျိုးဆယ်ပါးကို မတောင်းဘဲနှင့် ပြည့်စုံနိုင်စေကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

RUBY
519100
09-51-77212, 535100

တောင်ဝင်းရှင်းဆီ
☎ - 380183, 0949294463

01-293159
01-9000293
09-5160048
www.heincarrental.com

ကားရောင်းမည်
Townace Light Turck, 1 Ton
4 WD, Diesel, Manual,
90000 km, 150 Lakh,
Ph:09-5124765

ROYAL SCHOOL OF MYANMAR
RSM
Phone : 09 73 20 48 20

မြေကွက်များရောင်းမည်
ညောင်ဦးမြို့၏ အချက်အချာကျသောနေရာတွင် တည်ရှိပြီး တစ်ကေခန့် အကျယ်ဂရန်မြေပေါ်တွင် ဟိုတယ်၊ မိုတယ်၊ ပြခန်း/ရုံးခန်းကြီးများ ဆောက်လုပ်ရင်းနှီးမြှုပ်နှံရန် အထူးသင့်လျော်ပြီး စိတ်ပါဝင်စားသူများ ဆက်သွယ်နိုင်သည်။ ပါဝါမီတာ၊ အိမ်သုံး၊ အဝီစိတွင်း၊ အုတ်တံတိုင်း ပတ်လည်ခတ်ပြီး ညှိနှိုင်းဈေးဖြင့် ရောင်းမည်။ ဖုန်း-၀၉-၃၃၀၀၄၉၁၂၊ ၀၉-၅၁၉၄၂၄၁

ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်း ဆောင်ရွက်လိုပါသည်။
ရန်ကုန်မြို့ ၊ လှိုင်မြို့နယ်တွင် (၀. ၉၀)ဧကရှိ မြေကွက်ပေါ်တွင် (၈)ထပ်ကွန်ဒို အမြန်ဆောက်လုပ်လိုပါသည်။ အခန်းပေးအခန်းယူစနစ်ဖြင့်သော်၎င်း၊ P.A.E စနစ် ဖြင့်သော်၎င်း၊ မိမိစိတ်ဝင်စားရာဆွေးနွေးနိုင်ပါသည်။ အထပ်မြင့်(၈)ထပ်နှင့်အထက်ဆောက်လုပ်ခဲ့ဖူးသူများနှင့်သာဆောင်ရွက်မည်။
ဆက်သွယ်ရန် ၀၉-၄၂၀၀၆၇၄၇၅

လမ်းမကြီးဘေးမြေကွက်ရောင်းမည်။





## ခွဲစိတ်ကုသရန် ရှိသော်လည်း အသင်းမှထွက်ခွာရန်မရှိကြောင်း မန်ယူအသင်းနည်းပြ ဖာဂူဆန်ပြောကြား

မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်သည် နွေရာသီကာလတွင် ခွဲစိတ်ကုသမှုတစ်ခုပြုလုပ်ရန်ရှိကြောင်း အသင်းက ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် မန်ယူနည်းပြတစ်ဦးအနေဖြင့် အသင်းမှထွက်ခွာရန်မရှိကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းအတွက် ပရီမီယာလိဂ်ဖလား ၁၃ လုံးကို ရယူပေးနိုင်ခဲ့သည့် နည်းပြကြီးဖာဂူဆန်သည် ယခုနှစ်ရာသီကုန်တွင် တင်ပါးခွဲစိတ်ကုသမည်ဖြစ်ပြီး လာမည့်နှစ်ဘောလုံးရာသီတွင်လည်း အသင်းအောင်မြင်မှုရရှိအောင် စွမ်းဆောင်ရန်မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် မန်ယူအသင်းသည် ပရီမီယာလိဂ်ဖလားကို အကြိမ် (၂၀)မြောက် ဆွတ်ခူးရရှိထားပြီး မိမိလက်ထက်တွင် ပရီမီယာလိဂ်ဖလား ၁၃ လုံးရယူပေးနိုင်ခဲ့၍ ကျေနပ်မိကြောင်းနှင့် လာမည်ရာသီတွင် အသင်း၌ ဆက်ရှိနေမည်ဖြစ်ကြောင်း ဖာဂူဆန်က ဆိုသည်။

## ဒေးဗစ်လူးဝစ်ဇ်ကိုခေါ်ယူရန် ဘာစီလိုနာ ပြင်ဆင်နေ လူးဝစ်ဇ်ကိုဆက်ထိန်းထားရန် ချယ်လ်ဆီးကြိုးပမ်း

ဘာစီလိုနာအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းအား နှစ်ကျော့ပေါင်း ခုနစ်ဂိုး- ဂိုးမရှိဖြင့်ရှုံးနိမ့်ကာ ချန်ပီယံလိဂ်မှ ထွက်ခဲ့ရပြီးနောက် အသင်းကို ပြန်လည်တည်ဆောက်ရန်အတွက် ၎င်းတို့စိတ်ဝင်စားနေသော ချယ်လ်ဆီးနောက်တန်း ကစားသမား ဒေးဗစ်လူးဝစ်ဇ်အား ပစ်မှတ်ထားမှုမှာ ပိုမိုလာခဲ့သည်။

ဘာစီလိုနာအသင်းသည် ဘရာဇီးကြယ်ပွင့် ဒေးဗစ်လူးဝစ်ဇ်အား လွန်ခဲ့သည့် တစ်နှစ်တာကာလကတည်းက ခေါ်ယူရန်ပစ်မှတ်ထားခဲ့ပြီး ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကလည်း ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းပေး၍ ခေါ်ယူရန်ပြင်ဆင်ခဲ့သော်လည်း နောက်ပိုင်းတွင် အခြားကစားသမားများကို ပစ်မှတ်ပြောင်းခဲ့သည်။

ဒေးဗစ်လူးဝစ်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့ပြီး ပြီးခဲ့သည့်အပြောင်းအရွှေ့က စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့သဖြင့် ချယ်လ်ဆီးအသင်းတွင် ၂၀၁၇ ခုနှစ်အထိ ဆက်ရှိနေမည်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ်ချန်ပီယံလိဂ်တွင် လုံလောက်သော နောက်တန်းကစားသမားများမရှိ၍ ချန်ပီယံလိဂ်မှ ထွက်ခဲ့ရသည်ဟုဆိုကာ ၎င်းတို့ပစ်မှတ်ထားနေသော ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လူးဝစ်ဇ်ကို စပိန်မြေသို့ အရောက်ခေါ်ယူနိုင်မည်ဟု ယုံကြည်ထားပြီး ပြောင်းရွှေ့ကြေး ပေါင် သန်း ၄၀ ပေး၍ ခေါ်ရန်လည်း အသင့်ရှိနေသည်ဟုဆိုသည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် အသင်းအတွက်အားထားရသည့် ဒေးဗစ်လူးဝစ်ဇ်အား အသင်းတွင် ဆက်ထိန်းထားမည်ဟု ဆိုသည်။






## အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ချုပ်ရန် ဝင်းဂါးသန္နိဋ္ဌာန်ချ အသင်း၏ အနာဂတ်တောက်ပစေမည်ဟု အခိုင်အမာပြောကြား

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် အသင်း၌ ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုကာ အမ်းမရိတ်တွင် ထပ်မံတာဝန်ယူကိုင်တွယ်ဦးမည်ဖြစ်ကြောင်း ပထမဆုံးအကြိမ်အဖြစ် ကတိပြုပြောကြားလိုက်ပြီဖြစ်သည်။

အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းသည် လာမည့်ဘောလုံးရာသီတွင် ကုန်ဆုံးတော့မည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းမှ ထွက်ခွာလိမ့်မည်ဟုဆိုကာ ပီအက်စ်ဂျီအသင်းက လက်ရှိနည်းပြ ကားလို့စ်အန်ဆန်လော့တီနေရာတွင် အစားထိုးနည်းပြအဖြစ် ခေါ်ယူမည်ဆိုသော သတင်းများ မကြာသေးသည့် သီတင်းပတ်က ထွက်ပေါ်ခဲ့သည်။

သို့ရာတွင် အာစင်ဝင်းဂါးကမူ ၁၉၉၆ ခုနှစ်ကတည်းက လက်တွဲခဲ့သည့် အာဆင်နယ်အသင်းတွင် ဆက်လက်နေလိုကြောင်းနှင့် အသင်းကို အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ရန် ဆန္ဒရှိနေကြောင်း၊ ယင်းမှာ ၎င်း၏ မူလခံစားချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ကာ ချန်ပီယံလိဂ်မှ ထွက်ခဲ့ရပြီးနောက် အာဆင်နယ်အသင်းအတွက် အရေးကြီးဆုံး ရည်မှန်းချက်မှာ ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံးလေးသင်း စာရင်းဝင်ရန်ဖြစ်ကြောင်း၊ ၎င်း၏ အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ကိုသာ အလေးထားကြောင်းနှင့် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒမရှိကြောင်း အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

**နိုင်လင်းကြည်**



## လာမည့်ဘောလုံးရာသီတွင် ဟားစီးတီးအသင်း ပရီမီယာလိဂ်သို့ တန်းတက်ရန်သေချာ

ချန်ပီယံရှစ်ကလပ် ဟားစီးတီးအသင်းသည် ပွဲစဉ်(၄၆)အဖြစ် ချန်ပီယံရှစ်၏ ထိပ်ဆုံးအသင်းဖြစ်သည့် ကာဒစ်အသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေကစားခဲ့ပြီးနောက် လက်ရှိပွဲစဉ်(၄၆)အပြီးတွင် ရမှတ် ၇၉ မှတ် အမှတ်ပေးဇယား၏ ဒုတိယနေရာမှ ရပ်တည်ကာ လာမည့်နှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်သို့ တန်းတက်လာရန် သေချာသွားခဲ့ပြီဖြစ်သည်။

ဟားစီးတီးအသင်းနှင့် ကာဒစ်အသင်းတို့၏ ပွဲစဉ်တွင် ဟားစီးတီးအတွက် သွင်းဂိုးများကို ပရိချ်ဝစ်နှင့် ရိုန်းတို့က သွင်းယူပေးခဲ့ပြီး ကာဒစ်အတွက် သွင်းဂိုးများကို ကမ်းဘဲလ်နှင့် မေနာတို့က သွင်းယူပေးခဲ့သည်။

ချန်ပီယံရှစ်၏ အဆင့် (၃)နေရာတွင် ရပ်တည်နေသော ဝက်ဖို့ဒ်အသင်းမှာမူ လိဂ်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်သို့ တန်းတက်မည့်အခွင့်အရေးတစ်ရပ်ဖြင့် အလိုအလျောက် လွဲချော်ခဲ့ရကြောင်း သိရသည်။





မျိုး
380164
09 5017088
09 8626524

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph: 209077, 09-731 67000
209388, 09-731 68000

နှင်းထိုက်တော်ဝင် တးသောက်ကုန်ပညာ သင်တန်း

JADE Travel & Tours
10.5.2013 - 90000/-

Car Rental
09-73211079
09-49250637
09-420073607

ချမ်းမိုင်းသာ
ကျိုက်ထီးရိုး
ချောင်းသာ
01-569782, 09-73198239

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ရွှေခြင်္သေ့ဆေးခန်း
ပါမောက္ခ အထူးကုဆရာဝန်ကြီးများက
Made in USA(US FDA Approved)
Bone Healing Ultrasound
246365, 395544

ကျေးဇူးဆပ်ပါမည်
ကျွန်မမြတ်မြတ်ခိုင်နှင့် ဒေါ်သန်းရွှေ မှတ်ပုံတင်နှင့်မြေပိုင်ဆိုင်မှုစာချုပ် GP ကျပျောက်သွားပါသဖြင့် တွေ့ရှိက ဖုန်း-၄၂၀၂၅၁၅၄ အား အကြောင်းကြားပါရန်။

အတားအဆီး အပိတ်အဆို့ များကိုဖယ်ရှားပြီး လွယ်ကူ ညင်သာ ချောမွေ့သော ခံစားမှုဆီသို့?

ထွန်စက်ရောင်းမည်(USED)(ညီနှိုင်းဈေး)
ဖက်တာအမျိုးအစား(ချက်ကိုပတ်လည်)
50HP (၁စီး), 80HP (မိုက်နိုပန်) (၁စီး)
ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၀၇၂၀၆၂

အထက်မြန်မာပြည်သတင်း

# အင်တာနက်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်

စစ်မှန်တဲ့လူမှုဆက်ဆံရေးတွေကို ရှောင်လွဲချင်ကြတဲ့အတွက် လူတွေ အွန်လိုင်းတွေပေါ်မှာ အချိန်သုံးနေကြတယ်။ အဲလိုအချိန်တွေသုံးနေတာဟာ သူရဲဘောဆန်လွန်းစွာနဲ့ အတိုင်းထက်လွန်စွာ ပျော်စရာကောင်းတယ်လို့ New York Times ရဲ့ Op-Ed writer ဖြစ်တဲ့ Alice Mathias ကဆိုပါတယ်။ အဲဒါက အရင်ကတော့ ဖြစ်ကောင်းဖြစ်မယ်။

အခုချိန်မှာတော့ ဖြစ်နိုင်ခြေက အလွန်နည်းလာပါပြီ။ လူတွေက facebook၊ my space၊ twitter၊ tagged တွေကို အသုံးပြုပြီး အချင်းချင်းဆက်သွယ်လာကြတဲ့အခါမှာ ကိုယ့်ဘဝရဲ့ တစ်စိတ်တစ်ပိုင်းပဲဖြစ်ဖြစ်၊ အကုန်လုံးပဲဖြစ်ဖြစ် ချပြလာကြတယ်။ အဲသလိုချပြတဲ့အခါမှာ real interaction တွေဖြစ်လာတယ်၊ အကောင်းတွေကော အဆိုးတွေကော ဖြစ်စေတယ်၊ အဆိုးတွေဖြစ်လာတဲ့အခါမှာ တကယ်ပဲပျော်စရာကောင်းသေးလားဆိုတာလည်း စဉ်းစားစရာဖြစ်လာပါပြီ။

အွန်လိုင်းစာမျက်နှာတွေထဲက တစ်ခုဖြစ်တဲ့ facebook ဆိုတာပေါ်နေတာ ၂၀၀၄ ခုနှစ်ကတည်းကပါ။ facebook မှာ သုံးသူအချို့မသိတဲ့ အချက်ကတော့ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ဈေးကွက်အမြတ်အတွက် အသုံးချနေတာကိုပါပဲ။ facebook ဟာဆိုရင် နာမည်ကြီးကွန်ပျူတာဂိမ်းတွေနဲ့ quizzes တွေကို ဒေါင်းလော့ဒ်ချတဲ့ third-party developers တွေကို facebook အသုံးပြုသူတွေရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ကြိုက်သလို ယူခွင့်ပေးထားပါတယ်။

ဒီလိုမျိုးမိမိရဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို facebook မှ ကြိုက်သလိုယူခွင့်ပြုထားတဲ့ အချက်ကို ပြုပြင်ပေးရန် ကနေဒါနိုင်ငံ သက်ဆိုင်ရာများက တောင်းဆိုခဲ့ပါတယ်။ အချို့တွေအတွက် ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို စီးပွားရေးမှာဖြစ်ဖြစ်၊ အခြားနေရာတွေမှာဖြစ်ဖြစ် third-party တွေက အသုံးချနေတာ အရေးမကြီးနိုင်ပေမယ့် အချို့အတွက်တော့ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ဒီလိုအသုံးပြုနေတာကို နှစ်သက်လိမ့်မည် မထင်ပါဘူး။ ဒါဟာလည်း လူတစ်ဦးချင်းစီရဲ့ ခံယူချက်ပေါ်မှာမူတည်ပါလိမ့်မယ်။ အချို့က ပွင့်လင်းတယ်။ အချို့က ပရိုက်ဗိတ် ဖြစ်တတ်တယ်။ သိပ်ပွင့်လင်းရင်လည်း မကောင်းသလို သိပ်ပြီး လျှို့ဝှက်လွန်းခြင်းဟာလည်း မကောင်းပါဘူး။

တိုရန်တိုမြို့မှ ကောလိပ်တစ်ခုမှာ ကျောင်းအုပ်ကြီးကို facebook မှာ ဝေဖန်ထားလို့ ကျောင်းသားအချို့ အပြစ်ပေးခံရဖူးပါတယ်။ facebook မှာ cyber bullying ကိုလည်း မြင်တွေ့ရတယ်လို့ဆိုပါတယ်။ အုပ်စုဖွဲ့ပြီး တစ်စုံတစ်ယောက်ကို အနိုင်ကျင့်တဲ့ cyber bullying ကတော့ အွန်လိုင်းအဖွဲ့အစည်းတွေတိုင်းမှာ တွေ့ရတတ်ပါတယ်။ အမည်အတုတွေနဲ့ အနှောင့်အယှက်ပေးမှုတွေဟာလည်း ကွယ်ဝှက်ထားလို့ မရတော့ပါဘူး။ လွန်ခဲ့တဲ့ ဩဂုတ်လတုန်းက Keeley Houghton ဆိုတဲ့ အသက် (၁၈) နှစ်အရွယ် ဗြိတိန်နိုင်ငံက ကျောင်းသားလေးတစ်ယောက်ဟာ facebook ပေါ်မှာ အတန်းသားတစ်ယောက်ကို Cyber bullying လုပ်မှုနဲ့ ထောင်သုံးလကျသွားပါတယ်။ အာမခံဌာနတွေက၊ ရဲဌာနတွေက လိမ်လည်လှည့်ဖျားမှုတွေနဲ့ ပြစ်မှုကျူးလွန်မှုတွေကို facebook မှာ သွားပြီး အနံ့ခံတတ်ကြသလို လူတစ်ဦးကို အလုပ်ခန့်တော့မယ်ဆိုရင်လည်း ကုမ္ပဏီတွေက facebook တို့၊ my space တို့မှတစ်ဆင့် ခန့်မည့်သူကို လေ့လာတယ်လို့လည်း သိရပါတယ်။ ထိုနည်းတူပဲ အလုပ်ဖြုတ်ချင်လို့ အကြောင်းရှာတော့မယ်ဆိုရင်လည်း ထိုနေရာတွေမှာ သွားပြီးမွှေနှောက်တတ်ကြပါတယ်။

ငယ်ရွယ်စဉ်အခါမှာ အွန်လိုင်းစာမျက်နှာတွေပေါ်မှာ စိတ်ထဲရှိသလို ပြုမူကျင့်ကြံတာတွေဟာ အသက်ကြီးလာတဲ့အခါမှာ အရှက်ရစရာတွေ ဖြစ်ရတယ်လို့လည်း သူမက ဆိုပါတယ်။ ကိုယ်က မမှန်တာလုပ်မထားရင် စိုးရိမ်စရာဘာမှ မရှိပေမယ့်လည်း ကိုယ်ဘယ်လိုလူလဲဆိုတာကို ဓာတ်ပုံများများ ကြည့်စရာမလိုပါဘူး။ တစ်ပုံနှစ်ပုံလောက်ကြည့်တာနဲ့ကို သိနိုင်ပါတယ်။ facebook မှာ သွားလိုက်ရင် အချို့တွေက ရှုခင်းလေးတွေပဲ တင်တယ်။ အချို့တွေကတော့ မိသားစုပုံတွေတင်တယ်။ အချို့တွေကတော့ စားကောင်းသောက်ဖွယ်တွေစားနေတာ၊ ပါတီပွဲတွေဆင်နွှဲနေတာတွေကို တင်တယ်။ အချို့တွေကျတော့လည်း ပိုင်ဆိုင်မှုမှန်သမျှဖြစ်တဲ့ ခွေး၊ ကြောင်၊ ကြက်၊ ဝက်၊ နွား၊ တစ်တီတူးကအစ တင်တယ်။ အချို့ကျတော့လည်း ကိုယ်ချစ်တဲ့သူနဲ့တွဲရိုက်တာတွေ တင်တယ်။ အဆင်မပြေလို့ကွဲတော့ နောက်တစ်ယောက်နဲ့ထပ်တင်၊ တစ်ခါအဲဒီတစ်ယောက်နဲ့ အဆင်မပြေပြန်တော့ နောက်ထပ်တစ်ယောက်နဲ့ ထပ်တင်၊ ဒီလိုနဲ့ မျက်နှာများသူအဖြစ်နဲ့ သတ်မှတ်ခြင်း ခံရတတ်တော့တာပါပဲ။

အချို့တွေကျတော့လည်း သောက်စားမူးယစ်နေတာတွေ တင်တယ်။ တင်လိုက်တိုင်း အမြဲဆေးလိပ်မီးခိုးတလူလူနဲ့ သောက်စားမူးယစ်တဲ့ ပုံတွေတင်မိရင် အပြင်မှာ ကိုယ်က အမြဲတမ်းမူးယစ်ပျော်ပါးမနေသော်လည်း ဓာတ်ပုံလေးတစ်ခုတည်းနဲ့ ကိုယ့်ကို တံဆိပ်ကပ်သွားနိုင်တယ်။

အထူးသဖြင့် လူငယ်တွေအနေနဲ့ အလုပ်ရှင်က ဝင်မွှေလို့ စိတ်အခန့်မသင့်တာ တွေ့သွားရင် အလုပ်အကိုင်ကောင်းကောင်းတစ်ခုကို လွတ်သွားစေနိုင်ပါတယ်။

အလုပ်ကောင်းကောင်းရှိပြီးသား သူတွေအနေနဲ့လည်း မိမိအကြောင်း ခရေစေ့တွင်းကျကို အွန်လိုင်းစာမျက်နှာတွေပေါ်မှာ အလုပ်ရှင်တွေက မြင်နေရလို့၊ သူတို့စိတ်အခန့်မသင့်တာနဲ့ကြုံလို့ အလုပ်ဖြုတ်ခံရသူတွေလည်း အများကြီးရှိပါတယ်။ ပရော်ဖက်ရှင်နယ်ကျောင်းတွေကို ဝင်ရရန်အခွင့်အလမ်းတွေ ဆုံးရှုံးရတာတွေလည်း ရှိပါတယ်။ မိမိအကြောင်းတွေ လိုအပ်တာထက်ပိုပြီးဝေမျှမိရင် မိမိရဲ့ identity ကို ခိုးယူအသုံးချမည့်သူတွေကလည်း အမြဲတမ်းစောင့်ကြည့်နေတာကို သတိပြုစေလိုပါတယ်။

အခုနောက်ပိုင်းမှာ ဆယ်ကျော်သက်လူငယ်များဟာ စမတ်ဖုန်းများ၊ အိုင်ဖုန်းများမှတစ်ဆင့် ဆိုရှယ်မီဒီယာဆိုက်များမှာ ဓာတ်ပုံများကို တင်ကြပါတယ်။ ဥပမာ ထိုဓာတ်ပုံတင်လိုက်တာနဲ့ facebook မှတစ်ဆင့် မိမိရောက်ရှိနေတဲ့ အရပ်ဒေသကို မသမာသူတို့က သိရှိခဲ့ပါက ဆယ်ကျော်သက်များအတွက် အန္တရာယ်ရှိနိုင်ပါတယ်။

မိဘအုပ်ထိန်းသူများအနေနဲ့ tablet များ၊ အိုင်ဖုန်းများ၊ စမတ်ဖုန်းများကို ငယ်ရွယ်သော သားသမီးများကို ပေးသုံးမည်ဆိုပါက ကိုယ်တိုင်ကြပ်မတ်ရုံမျှမက သားသမီးများကိုလည်း လွတ်လပ်မှုရဲ့အနောက်မှာ အန္တရာယ်က ကပ်ပါလာတတ်တယ်ဆိုတာကို တိုက်တွန်းနှိုးဆော်ပေးဖို့ သက်ဆိုင်ရာတွေကလည်း သတိပေးကြပါတယ်။

ဆိုရှယ်ဆိုက်များမှတစ်ဆင့် မည်သူမည်ဝါမှန်း တိတိကျကျမသိဘဲ ချစ်ကျွမ်းဝင်မိပြီးမှ မတော်မတရားပြုကျင့်ခံရရုံမျှမက ငွေလုပြီးအသတ်ခံရလို့ အသက်ဆုံးရှုံးရသော မိန်းမငယ်များလည်း အများအပြားရှိနေပါပြီ။ မြန်မာလူငယ်များကြားတွင်လည်း ဒီလိုကိစ္စမျိုးတွေဟာလည်း အလျင်အမြန်ဖြစ်ပွားလာနေပြီဆိုတာကို မြင်နေကြားနေရပါတယ်။

ဒါ့ကြောင့် လွတ်လပ်ပွင့်လင်းမှုတိုင်းမှာ ပေးဆပ်မှုဆိုတာတွေကလည်း ရှိနေတတ်တယ်ဆိုတာကို သတိချပ်မိကြပြီး လွတ်လပ်ပွင့်လင်းလာသော ခေတ်သစ်မြန်မာပြည်တွင် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိုက်သင့်သလို ထိန်းသိမ်းထားနိုင်သူများဖြစ်ရန် ဤစာကို ရေးသားတင်ပြလိုက်ရပါတယ်ရှင်။ ။

**(အိမ့်ချမ်းမြေ့)**

## လပြည့်နဂါး သစ်ပါးလွှာစက်ရုံ အစာအဆိပ်သင့်ဖြစ်မှုကြောင့် စက်ရုံပိုင်ရှင်အား အရေးယူ

**ဟုမ္မလင်း မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ယက်ဖကျေးရွာရှိ လပြည့်နဂါး သစ်ပါးလွှာစက်ရုံ၌ အစာအဆိပ်သင့်မှု နှစ်ကြိမ်ဖြစ်ပွားရာ အလုပ်သမားရှစ်ဦး သေဆုံးခဲ့သဖြင့် ကြီးကြပ်ကွပ်ကဲရန် အားနည်းသော စက်ရုံပိုင်ရှင်အား အရေးယူလိုက်ပြီဖြစ်သည်။

ဦးလောလူ (ခ) ဦးရှီထန်ယူ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့ပိုင် လပြည့်နဂါး သစ်ပါးလွှာစက်ရုံ၌ ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၂၆ ရက်တို့တွင် အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ပြီး အလုပ်သမားရှစ်ဦး သေဆုံးခဲ့သဖြင့် ထမံသီရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁/၂၀၁၃ နှင့် ၂/၂၀၁၃ ဖြင့် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ စစ်ဆေးခဲ့ရာတွင် စက်ရုံပိုင်ရှင် ဦးလောလူသည် ပထမအကြိမ် အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့သော စားဖိုဆောင်နှင့် စားသောက်ဆောင်တို့ကို ဆက်လက်အသုံးမပြုစေဘဲ နေရာပြောင်းရွှေ့စေခဲ့သည်။ ထိုသို့ ပြောင်းရွှေ့ခဲ့သည့် စားဖိုဆောင်နှင့် စားသောက်ဆောင်တို့တွင် အမိုးအကာမရှိခြင်း၊ ချက်ပြုတ်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်များကို စနစ်တကျ သိမ်းဆည်းမှုမရှိခြင်း၊ မသန့်ရှင်းသည့် ချောင်းရေဖြင့် ထမင်း၊ ဟင်းချက်ပြုတ်စေခြင်းတို့ကြောင့် ဒုတိယအကြိမ် အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့သည်ကို သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စက်ရုံပိုင်ရှင် ဦးလောလူအား ပေါ့လျော့စွာ စီမံကွပ်ကဲခဲ့သည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဧပြီ ၂၅ ရက်က ထမံသီရဲစခန်းမှူး ရဲအုပ်ဝင်းဦးက တရားလိုပြုလုပ်၍ ဦးလောလူအား (ပ) အမှတ် ၁၁/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ (က)ဖြင့် အရေးယူထားကြောင်း သိရသည်။

**(သံတိုင်ထွန်း)**




## မန္တလေးခရိုင် ခုနစ်ခုအတွင်း လေးလတာကာလယာဉ်တိုက်မှု ၆၅၉ မှု ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၂၂၅ ဦးရှိ

**မန္တလေး မေ ၅**

မန္တလေးခရိုင် ခုနစ်ခုအတွင်း လေးလတာကာလတွင် ယာဉ်တိုက်မှုပေါင်း ၆၅၉ မှုဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူ ၁၀၉၄ ဦး၊ သေဆုံးသူ ၂၂၅ ဦးရှိခဲ့ပြီး ယာဉ်တိုက်မှုကြောင့် ဆုံးရှုံးမှု တန်ဖိုးကျပ် ၈၆၇ သိန်းကျော် ရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်များတွင် မြို့အပြင်ဘက်များ၊ အဝေးပြေးလမ်းမကြီးများတွင် အဖြစ်များခဲ့ပြီး ယာဉ်တိုက်မှုဖြစ်စဉ်များတွင် ကျား ၇၀၂ ဦး၊ မ ၄၆ ဦးအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကျော်မင်းသော်)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၃ယ/၁၀၆၅၊ Jialing 90 m/c၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သိန်းသိန်း မှတ်ပုံတင်အမှတ်[၁၄/ဇလန(နိုင်)၀၈၅၅၃၈] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၁၈၈၆၂၊ အမျိုးအမည် Honda C90 Custom၊ အမျိုးအစား m/c၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးခင်မောင်လတ် မှတ်ပုံတင်အမှတ်[၉/မသန(နိုင်)၀၀၃၉၄၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့**



ဆောင်းပါး

# တုနှိုင်းမမီ မိခင်ဂုဏ်ရည်

အမေများအား ဂုဏ်ပြုသောအားဖြင့် မေလ ၈ ရက်နေ့ကို အမေများနေ့အဖြစ် သတ်မှတ်ခေါ်ဝေါ် ဂုဏ်ပြုခဲ့ကြပါသည်။ အမေသည် လူသားတိုင်းအတွက်၊ သက်ရှိသတ္တဝါတိုင်းအတွက် ကိုးကွယ်ရာ၊ အားထားရာ ထူးမြတ်သည့် ပုဂ္ဂိုလ်များဖြစ်သည်။ ထိုအမေတို့သည် အခြားသူများအတွက် အရေးပါအရာရောက်ချင်မှ ရောက်မည်။ သို့သော် အမေကမွေးသော သားသမီးများအတွက် အရေးပါသော၊ ကြီးမြတ်သော၊ တုနှိုင်းမရသော ဂုဏ်ကျေးဇူးများကို ပိုင်ဆိုင်ထားသူများ ဖြစ်ပေသည်။ မိဘများသည် အနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။

အမိဝမ်းကြာတိုက်တွင် ဝင်လိုက်ချိန်မှစ၍ ကိုးလလွယ် ဆယ်လဖွားဆိုသည့် ဆိုရိုးစကားအတိုင်း မိခင်မှာ မိမိမွေးဖွားမည့်သားသမီးများကို ဝမ်း၌လွယ်ပြီး ကိုးလလောက်အစားအသောက်များကို ရှောင်ကြဉ်ကာ ရုပ်ဆင်းအင်္ဂါပြည့်စုံသည့် သားသမီးမွေးဖွားရန် မိခင်စိတ်အပြည့်အဝဖြင့် ဒုက္ခဆင်းရဲခံကြရသည်။ မွေးလာသည့်အခါတွင်လည်း ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်အရွယ်မှစပြီး အရွယ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်လာခဲ့ကြသည်။ ထိုမျှမက မြေး၊ မြစ်များအထိ စုန်ရေသာရှိပြီး ဆန်ရေကို မမျှော်ကိုးသည့် မိဘတို့၏မေတ္တာသည် ဘယ်ပန်းချီ၊ ဘယ်စာဆိုများမှ ရေးဖွဲ့သီကုံးလို့မကုန်နိုင်သည့် တုနှိုင်းမရသည့် ကျေးဇူးဂုဏ်အင်များပင် ဖြစ်ပေသည်။

ထိုကြီးမားလှသည့် ဂုဏ်ကျေးဇူးများကို ပြန်လည်ပေးဆပ်ကြရမည်မှာ သားသမီးတို့၏ တာဝန်ဖြစ်ပေသည်။ အချို့သားသမီးများမှာ ငယ်စဉ်အခါက မိဘ၏ အရိပ်အာဝါသအောက်တွင် မကြောင့်မကြနေထိုင်ခဲ့ကြသော်လည်း အချိန်တန်အရွယ်ရောက်သောအခါ တစ်အိုးတစ်အိမ်ထူထောင်ကာ မိဘတို့အား လုပ်ကျွေးပြုစုရန်ပင် မေ့လျော့နေကြသည်။ သားသမီး ၁၀ ယောက်မွေးသော မိဘနှစ်ပါးမှာ သားသမီး၁၀ ယောက်ကို ရင်အုပ်မကွာ ကျွေးမွေးစောင့်ရှောက်နိုင်သော်လည်း သားသမီး ၁၀ ယောက်ကမူ မိဘနှစ်ပါးကို လုပ်ကျွေးသမှုမပြုနိုင်ကြသည်ကို ယနေ့ခေတ်ကာလတွင် အများဆုံးတွေ့မြင်ကြရသည်။ လူသားများမဆိုထားနှင့် တိရစ္ဆာန်ကြက်မများပင်လျှင် သူတို့၏ ကြက်ဥလေးများကို ကြက်ကောင်ပေါက်ကလေးများဖြစ်ရန် ၎င်းတို့၏ ရင်ငွေ့ပေးကာ တစ်လကျော်ကြာ ဒုက္ခဆင်းရဲခံကြရသည်။ ထိုမှ အကောင်လေးများ ပေါက်လာသောအခါတွင်လည်း အခြားသတ္တဝါများ၏ရန်မှ ကာကွယ်ရန် မိခင်ကြက်မကြီးမှာ သူရဲကောင်းသဖွယ် စောင့်ရှောက်ကြရရှာပေသည်။ အသိဉာဏ်မရှိသည့် တိရစ္ဆာန်များပင်လျှင် ၎င်းတို့၏သားသမီးများကို ရင်အုပ်မကွာ စောင့်ရှောက်နေသည်ကို ကြည့်ခြင်းအားဖြင့် လူသားတို့၏ မိခင်များဆိုလျှင် ဆိုဖွယ်ရာမရှိလောက်အောင် မေတ္တာတရားကြီးမားလှပေသည်။

စာရေးသူသိမှတ်ခဲ့ဖူးသည့် မိခင်မေတ္တာကြီးမားပုံလေးကို သာဓကအဖြစ် ရေးသားဖော်ပြချင်ပါသေးသည်။ ဗာရာဏသီမှ အိမ်ရှေ့စံမင်းသားတစ်ပါး အခြွေအရံများနှင့်အတူ တောကစားထွက်ရာမှ လူကွဲပြီး မျက်စိလည် လမ်းမှားကာ ချောက်ထဲကျခဲ့လေသည်။ အစာရေစာပြတ်လပ်ပြီး အင်အားချည့်နဲ့နေချိန်တွင် အဿမုခိဘီလူးနှင့်တွေ့ဆုံခဲ့ပြီး ကယ်တင်ခြင်းခံခဲ့ရလေသည်။ ဘီလူးမနှင့် အိမ်ရှေ့စံမင်းသားတို့ သံယောဇဉ်ဖြစ်ရာမှ ပဒကုသလသားလေးမွေးဖွားခဲ့သည်။ ရက်ကာလရှည်ကြာလာသည်နှင့်အမျှ ၎င်းတို့၏သားလေးမှာ

## နေဇာဇာထွန်း

လူလားမြောက်လာခဲ့လေသည်။ တစ်နေ့တွင် ပဒကုသလမှာ မိခင်သည် ဘီလူးမကြီးဖြစ်ကြောင်း သိလိုက်ရသည့်အချိန်တွင် မိခင်ဝမ်းအတွင်းမှအရွယ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်လာခဲ့သည့် မိခင်၏ကျေးဇူးကို သိနားမလည်ဘဲ မိခင်အပေါ် ငြိုငြင်စိမ်းကားခဲ့လေသည်။

တစ်နေ့တွင် မိခင်ဘီလူးမကြီး အစာရှာထွက်ချိန်တွင် ဖခင်နှင့်အတူ ဂူအတွင်းမှ ဗာရာဏသီသို့ ထွက်ပြေးခဲ့ကြလေသည်။ မိခင်ဘီလူးမကြီး ပြန်လာချိန်တွင် သားနှင့်ခင်ပွန်းသည်ကို မတွေ့ရသဖြင့် သားပျောက်မိခင် အဿမုခိဘီလူးမမှာ ရင်ကွဲမတတ်ခံစားရပြီး သားရှိရာသို့ လိုက်လေသည်။ သားနှင့်တွေ့သည်ဆိုလျှင်ပဲ မသွားရန်တားမြစ်သော်လည်း ပဒကုသလမှာ မိခင်၏ကျေးဇူးကို မထောက်၊ မိခင်မေတ္တာကို လျစ်လျူရှုကာ အတ္တကို ရှေ့တန်းတင်လေ၏။ မိခင်မှာ တားမရသည့်အဆုံး သားဖြစ်သူအား ဂါထာတစ်ပုဒ်ပေးကာ ခွင့်ပြုပေးလိုက်လေသည်။ ဂါထာဆုံးလျှင်ပဲ မိခင်အဿမုခိဘီလူးမမှာ သားကို ခွဲခွာရတော့မည့်အသိဖြင့် ရင်ကွဲနာကျကာ သေဆုံးခဲ့ရလေသည်။ ပဒကုသလမှာလည်း မိခင်သေဆုံးသွားခါမှ သားသမီးအပေါ်ထားသည့် မိခင်၏ကြီးမားလှသည့် မေတ္တာကိုသိမြင်လေသည်။

အထက်ပါအကြောင်းအရာလေးကို သာဓကယူပြီး မိခင်မရှိ ကွယ်လွန်သွားခါမှ သတိသံဝေဂမရကြရလေအောင် မိမိတို့ရှင်သန်ရာ ဘဝတစ်လျှောက်တွင် သက်ရှိထင်ရှားရှိနေသေးသည့် ကျေးဇူးကြီးလှသည့် အမိ၊ အဖများကို ရှိသေကိုင်းရှိုင်းကာ လုပ်ကျွေးသမှုပြုထိုက်ပေသည်။ တချို့ဆိုလျှင် မွေးစကပင် မိခင်ဆုံးပါးသွားသဖြင့် မိခင်မေတ္တာကို ငတ်မွတ်ခဲ့ကြရသည့်သူများ၊ အရွယ်ရောက်ခါမှ မိခင်ဆုံးပါးသွားကြသူများလည်း ရှိကြပေသည်။ ထိုသူများမှာ မိခင်ကျေးဇူးကို အထူးသိတတ်နားလည်သူများဖြစ်လင့်ကစား အစားထိုးမရနိုင်သည့် မိခင်၏ကျေးဇူးဂုဏ်များကို ဆပ်ခွင့်ကြုံမည်မဟုတ်ပေ။ ဆပ်ခွင့်ကြုံနေသည့်အချိန်တွင် နေ့၊ ည မဆိုင်း၊ အချိန်မဆိုင်းဘဲ မိခင်ကျေးဇူးကို အထူးသိတတ်သည့် သားသမီးများအဖြစ် အစွမ်းကုန်ပေးဆပ်ကြရမည်ဖြစ်သည်။ မိမိတို့အသက်ခန္ဓာရှိနေသရွေ့ ပစ္စည်းဥစ္စာရတနာများကို ရှာဖွေ၍ရနိုင်သော်လည်း မိမိကိုမွေးဖွားပေးခဲ့သည့် ဂုဏ်ကျေးဇူးကြီးမားလှသည့် မိခင်ကိုမူ အစားထိုးလို့ရနိုင်မည်မဟုတ်ပေ။ ထိုသို့အစားထိုး၍မရနိုင်သည့် မိခင်၏မေတ္တာကို သိရှိနားလည်ပြီး ကျေးဇူးပြန်ဆပ်သည့် သားသမီးများအဖြစ် ခံယူကြရမည်ဖြစ်သည်။ လူတို့၏ ကိုယ်၊ စိတ်၊ နှလုံး အာရုံသုံးပါးသည် တရားဘာဝနာ၊ သုတ၊ ရသစာပေများကို နာကြားဖတ်ရှုပြီး တိုက်ဆိုင်သည့်အခါမှသာ တစ်ခဏအတွင်း သံဝေဂရကြသော်လည်း အချိန်တန်လျှင် မေ့လျော့သွားကြလေသည်။ ထိုသို့ မိမိတို့၏စိတ်အာရုံကို မေ့လျော့မနေကြဘဲ အစဉ်အမြဲ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များအဖြစ် အမိအဖများကို ဦးထိပ်ပန်ဆင်ကြရမည်ဖြစ်သည်။

မိမိတို့၏ အသက်ရှင်သန်ရာ လူ့ဘဝသက်တမ်းတစ်လျှောက်တွင် ယဉ်ကျေးလိမ္မာပြီး မိခင်မေတ္တာကို သိတတ်နားလည်ကာ လုပ်ကျွေးပြုစုသူ သားသမီးများအဖြစ် နေထိုင်ကျင့်ကြံသွားကြရင်း သံသရာခရီးကို လျှောက်လှမ်းကြစေလိုပါကြောင်းဖြင့် ဤဆောင်းပါးလေးကို ရေးသားဆန္ဒပြုရင်း လူသားတိုင်း၏ကိုယ်စား အမေများအား ရှိခိုးဦးခိုက်ကာ အမေများနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

# နတ်တလင်း၌ ကျေးရွာအုပ်စု ခုနစ်စု အကျိုးပြုမည့် ရေတံခါးတည်ဆောက်

**နတ်တလင်း မေ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရေကြည်အုပ်စု ချောင်းခွကျေးရွာတွင် ကျေးရွာအစီအစဉ်ဖြင့် ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့သော တောင်ညိုချောင်းပေါ်ရှိ အုတ်စီရေတံခါးမှာ အလျားပေ ၈၀၊ အနံပေ ၆၀၊ အမြင့် ၁၅ ပေရှိပြီး ရေတံခါးခြောက်ပေါက်ရှိကာ လွန်ခဲ့သည့် ရှစ်နှစ်ခန့်က ကာလတန်ဖိုး ၁၁၈ သိန်းအကုန်အကျခံ တည်ဆောက်ခဲ့သည်။

ယခုအခါ အဆိုပါရေကြည်ရေလွှဲဆည်ရေထိန်းတံခါးများသည် ၂၀၁၀ ခုနှစ်ခန့်ကပင် စတင်ယိုယွင်းပျက်စီးခဲ့ရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ရေထိန်းတံခါး ဘေးဘောင်တစ်ဖက်နှင့် အောက်ကြမ်းပြင်တစ်ဝက်ခန့် နိမ့်ကျပျက်စီးခဲ့သည်။ ကျေးရွာလူထုအနေဖြင့် ပြန်လည်ပြုပြင်ရန် အခက်အခဲရှိသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာတာဝန်ရှိသူများက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြခဲ့ရာ မတ် ၂ ရက်တွင် ဒုတိယဝန်ကြီး ဦးခင်ဇော် လာရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)သို့ တာဝန်ပေးပြုပြင်စေခဲ့ရာ ယခင် တံခါးခြောက်ပေါက်အမျိုးအစားမှ ရေတံခါးကိုးပေါက် အမျိုးအစားဖြင့် ပြုပြင်မွမ်းမံ ပြန်လည်တည်ဆောက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းရေတံခါးကြီး ပြီးစီးပါက နတ်တလင်းမြို့နယ် အတွင်းရှိ ရေကြည်အုပ်စု၊ ဖလံကုန်းအုပ်စု၊ ဇီးပင်ကွင်းအုပ်စု၊ တာပွန်အုပ်စု၊ ပျဉ်းမကုန်းအုပ်စု၊ တောင်ယာတောအုပ်စု၊ ကြံတောအုပ်စု ကျေးရွာအုပ်စု ခုနစ်အုပ်စုရှိ လယ်မြေဧက ၅၀၀၀ ကျော်အား စိုက်ပျိုးရေအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည် ဖြစ်၍ ဒေသခံ မိဘပြည်သူများ၊ တောင်သူလယ်သမားများ အထူးပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြောင်း သိရသည်။ နိုင်ထွန်း(TGI)

# ပဲခူး၌ သန့်စင်သောသောက်သုံးရေရရှိရေး ဆွေးနွေး

**ပဲခူး မေ ၅**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း သီရိဟံသာခန်းမ၌ မေ ၂ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ သောက်သုံးရေတွင် အာဆင်းနစ်ဓာတ်ပါဝင်မှု ဆန်းစစ်တွေ့ရှိချက်အခြေအနေများအား ရှင်းလင်းတင်ပြခြင်းနှင့် သန့်ရှင်းသောသောက်သုံးရေများရရှိနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ၁၅ မြို့နယ်သို့ ကွင်းဆင်းစစ်ဆေးကြည့်ရာ သောက်သုံးရေများ၌ အာဆင်းနစ်ဓာတ်များ တွေ့ရှိထားကြောင်း၊ သို့ရာတွင် ပြည်သူများ၌ အာဆင်းနစ်ဓာတ်ကြောင့် ရောဂါရရှိမှုအခြေအနေ မတွေ့ရကြောင်းနှင့် ဆက်လက်ဆောင်ရွက်သင့်သည်များကို ကျန်းမာရေး၊ စည်ပင်သာယာ၊ ပညာရေး၊ ရေအရင်းအမြစ်ဌာနများမှ တာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းအသီးသီးတို့ တက်ရောက်၍ ဆွေးနွေးပွဲအား နှစ်ရက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စန်းဝေ (ဟံသာမြေ)**


Virgin Land Travels & Tours
- ဟိုတယ် booking စီစဉ်ပေးခြင်း
- Visa
01-8610252, 09-5202643, 09-5123793

Dream Paradise
Hotel
094200002090, 09 730 43408

ထိုက်သူရမည်
ဈေး၊ ကျောင်း၊ ကားဂိတ်နီး၊ နေရာကောင်း၊ လမ်းမကြီး၊ ကျောကပ်လမ်း၊ ပေ(၂၀×၆၀)၊ သစ်သားအိမ်၊ လှလှပပပြုပြင်မွမ်းမံပြီး၊ ကွန်ကရစ်ခင်းပြီး၊ ရေ၊ မီးစုံ၊ တောင်ဒဂုံစက်မှုဇုန် သစ်နှင့်ကပ်လျက်၊ (၇၂)ရပ်ကွက်၊ ကျပ်(၁၃၈)သိန်း။
ဖုန်း-၀၉-၇၃၁၀၆၅၇၄၊ ၇၃၁၃၅၄၄၄

မြတ်နှင်းပန်း Car Rental
09 5155520
0973103434, 0973142090

အလိုရှိသည်
ထွန်စက်မောင်းကျွမ်းကျင်သူ
အမြန်အလိုရှိသည်။
ဖုန်း-၀၉-၄၃၁၅၈၃၆၇

ဂုဏ်ရည်ဆေးတိုက်မှ ၈၂(၂) သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်တွင် ဆေးများကို ကုသရရှိနိုင်ပါသည်။

ဂရင်ဂျီနာ ၊ အတွင်းပြင်လိပ်ခေါင်း ၊ သွေးချို ဆီးချို ၊ ကျောက်ကပ် ၊ ဆီးကျိတ်ရောဂါ ၊ လေးဖက်နာ ၊ အဆစ်ရောင်ရောဂါ ၊ အဆီကျ ၊ ထိပ်ကပ်နာရောဂါ ၊ သွေးတိုးကျ ၊ အပြူဆင်းပျောက်ဆေး၊ အဆုတ်ချောင်းဆိုး၊ ရင်ကျပ်၊ အသည်းရောဂါအမျိုးမျိုး၊ အပူအကျိတ်ရောဂါ၊ ဝဲနှင်းခူဆေးများကိုကုသ၍ အမြို့မြို့ဆေးဆိုင်တိုင်းတွင်ရရှိနိုင်ပါသည်။

အချိန် - နံနက် ၁၀ နာရီမှ ညနေ ၅ နာရီ အထိ (တနင်္ဂနွေနေ့ပိတ်သည်)။ ဖုန်း - ၆၄၁၅၀၁။

## ဒေါ်တင်အိ (၇၉)နှစ်
## (အလပြ-ငြိမ်း)(မိုးညှင်း)

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နေ (ဦးမြ-ဒေါ်ခ)တို့၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ အမှတ်(ခ/၁၉) နေ (ဦးသောင်း)၏ဇနီး၊ ဒေါက်တာတင်ထွန်း (ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်)-ဒေါ်ဥမ္မာမြင့်၊ ဦးမောင်မောင်ချို၊ ဦးဇော်မိုး-ဒေါ်သူဇာအေး၊ ဦးတင်တိုး-ဒေါ်မြင့်မြင့်ခိုင်တို့၏ မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃-၅-၂၀၁၃ (သောကြာနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် စစ်ကိုင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း-ဒေါ်ဥမ္မာမြင့်တို့၏မိခင်ကြီး ဒေါ်တင်အိ အသက်(၇၉)နှစ်သည် ၃-၅-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်**
**အနုပညာအသင်းမိသားစု ရန်ကုန်တက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း-ဒေါ်ဥမ္မာမြင့်တို့၏ မိခင်ကြီး ဒေါ်တင်အိ အသက်(၇၉)နှစ်သည် ၃-၅-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယပါမောက္ခချုပ်များ**
**ဘာသာရပ်ဆိုင်ရာပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ**
**ဌာနမှူးများ(စီမံ/ဘဏ္ဍာ၊ သင်တန်းရေးရာ)ဌာန**
**ဆရာ၊ ဆရာမများ၊ မော်ကွန်းထိန်းနှင့်ဝန်ထမ်းများ၊ ရန်ကုန်တက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း-ဒေါ်ဥမ္မာမြင့်တို့၏မိခင်ကြီး ဒေါ်တင်အိ အသက်(၇၉)နှစ်သည် ၃-၅-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုကိုအောင်၊ ဦးသူရမောင်၊ ဦးကျော်ဆန်းထွေး၊**
**ဦးသီဟမျိုးညွန့်၊ ဦးမျိုးထွန်းတင့်**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း-ဒေါ်ဥမ္မာမြင့်တို့၏မိခင်ကြီး ဒေါ်တင်အိ အသက်(၇၉)နှစ်သည် ၃-၅-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Contact Persons**
**ဒေါက်တာဒေါ်ခင်စောနွဲ့၊**
**ဒေါက်တာအေးအေးမြင့်၊**
**ဒေါက်တာမဥ္စူမင်း၊**
**ဒေါက်တာဗေဒါ၊ ဒေါက်တာအေးအေးသန့်၊**
**ဒေါက်တာကေလွင်ထွန်း၊ ဒေါက်တာလှတိုး၊**
**ဒေါက်တာဇော်စိုးမင်း၊ ဒေါက်တာသက်နိုင်၊**
**ဦးစိုးမင်းအောင်၊ ဒေါက်တာမီမီကျော်**
**ဒေါက်တာချိုချိုသက်၊ ဒေါက်တာနန့်သင်းသင်းကြွယ်၊**
**ရန်ကုန်တက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်အိ(၇၉)နှစ်

ရန်ကုန်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း-ဇနီး ဒေါ်ဥမ္မာမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်အိသည် ၃-၅-၂၀၁၃ ရက်(သောကြာနေ့) နံနက်တွင်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ ဖိုးကောင်း၊ ဒုတိယပါမောက္ခချုပ်**
**ဌာနမှူး၊ တက္ကသိုလ်များ သိပ္ပံသုတေသန**
**ဒေါက်တာ ဒေါ်အေးအေးမြင့်(ပါမောက္ခ) နှင့်ဆရာ/ဆရာမများ**
**တက္ကသိုလ်များသိပ္ပံသုတေသနဌာန၊ ရန်ကုန်တက္ကသိုလ်**

## (၇)လပြည့် သတိရအမှျပေးဝေ
## ဦးအိုက်ရီ(၄၁)နှစ် (၂-၁၀-၂၀၁၂)

စိုင်း--- ဒို့မိသားစုကို ခွဲသွားတာ (၇)လပြည့်ပေမယ့် ကျန်ရစ်သူမိသားစုအတွက်တော့ မမေ့နိုင်ဘဲ သတိရဆဲပါ။ စိုင်းကိုရည်စူး၍ သီပေါမြို့၌ ကျောင်းသင်္ခမ်းတစ်ဆောင်၊ ပိဋကတ်သုံးပုံ စာကြည့်တိုက်တစ်ခန်း၊ မူဆယ်မြို့၌ ငွေပဒေသာပင်၊ သိမ်၊ အနုံ့စုပ်စက်နှင့် အခြားလှူဒါန်းမှုအစုစုတို့ကို ၃၀-၄-၂၀၁၃ ရက်မှာ ရေစက်ချအလှူပြုလုပ်ခဲ့ပါတယ်- စိုင်းတစ်ယောက် အမျှရ၍ သာဓုခေါ်ဆိုပြီး မြင့်သထက်မြင့်သောဘုံဘဝကို ရရှိနိုင်ပါစေ။

**ဇနီး-နန်းစောရင်နှင့် ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်းနှင့် အန္တိမဈာပနသာဓုကီဠနပူဇာအကြောင်းကြားလွှာ
## ဘဒ္ဒန္တဇောတိက (ခလုပ်ကျောင်းကြီး၊ ခလုပ်ကျေးရွာ)
## သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၃)နှစ်

(သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ သာသန မကုဋ္ဌ ဓမ္မာစရိယ၊ သံဝဏ္ဏ တ္တယဝေဒဂူ၊ လဋ္ဌီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက တိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ဩဝါဒါစရိယ ခလုပ်ပဝိရဏာဂိုဏ်းချုပ်)

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခလုပ်ကျေးရွာ၊ ခလုပ်ကျောင်းကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိက မဟာထေရ်မြတ်သည် ၁၃၇၅ခုနှစ်၊ ဦးတန်ခူးလဆန်း၁၃ရက်) ၂၃-၄-၂၀၁၃ ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ အန္တိမဈာပနသာဓုကီဠနပူဇာသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**အန္တိမဈာပနပူဇာအစီအစဉ်**

၁၁-၅-၂၀၁၃ ရက်မှ ၁၅-၅-၂၀၁၃ ရက်အထိ ညစဉ် ၇ နာရီ ဓမ္မပူဇာ
၁၆-၅-၂၀၁၃ ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီ စံကျောင်းတော်ချ၍
၁၈-၅-၂၀၁၃ ရက်(စနေနေ့)အထိ မင်္ဂလာဆိုင်းများဖြင့် ဧယဉ်ကျူးပူဇော်ပါမည်။
(၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်) ၁၉-၅-၂၀၁၃ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီ အန္တိမဈာပန သာဓုကီဠနပူဇာအခမ်းအနား စတင်၍ ညနေ ၃ နာရီ အန္တိမအဂ္ဂိဈာပန ပူဇော်ပါမည်။

ရန်ကုန်မြို့မှ ခလုပ်ကျောင်းကြီးအထိကားဖြင့် သွားလာနိုင်ပါသည်။

**အန္တိမအဂ္ဂိဈာပနကျင်းပရေးကော်မတီ**

## မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)၏ တစ်လပြည့်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၅၈ ရပ်ကွက်၊ ဦးဘဉာဏ်လမ်း၊ အမှတ်(၈၈၈)နေ ၅-၄-၂၀၁၃ ရက်တွင် တစ်ဘဝဇာတ်သိမ်းချုပ်ငြိမ်းသွားသော လယ်တီမူအနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)အား ရည်စူး၍ (၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၁ ရက်) ၁၀-၅-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၉ နာရီမှ ၁၁ နာရီထိ ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်ချအမျှပေးဝေလိုပါသောကြောင့် အထက်ပါရိပ်သာသို့ တစ်လပြည့်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ တပည့်အပေါင်းနှင့် ယောဂီအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးထွန်းမြင့်(ငြိမ်း)
### ကြည်း-၅၃၂၉
### အသက်(၉၃)နှစ်
### ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း)

ကြည်း-၅၃၂၉ ဗိုလ်မှူးကြီးထွန်းမြင့်(ငြိမ်း)၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း)သည် ရန်ကုန်မြို့၊ အမှတ်(၂)တပ်မတော်စစ်ဆေးရုံ(ခုတင်-၅၀၀)တွင် ၃-၅-၂၀၁၃ ရက် နံနက် ၇ နာရီ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆက်သွယ်ရေးတပ်ဖွဲ့**
**အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးလှတင်(ဥက္ကာ) အသက်(၇၉)နှစ်
### အုပ်ချုပ်မှုဒါရိုက်တာ(ငြိမ်း)
### ဖက်စပ်ကော်ပိုရေးရှင်း အမှတ်(၂)လီမိတက်

ယခင်ဖက်စပ်ကော်ပိုရေးရှင်း အမှတ်(၂)လီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ(ငြိမ်း) ဦးလှတင်သည် ၂-၅-၂၀၁၃ ရက်(ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းဟောင်းများ**
**ယခင်ဖက်စပ်ကော်ပိုရေးရှင်း အမှတ်(၂)လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

ရဲအုပ်တင်စိုး(ငြိမ်း)(၅၆)နှစ်/(၂၅-၄-၂၀၁၃)ရန်ကုန်မြို့။
ရဲအုပ်မိုးသိန်း(ငြိမ်း)(၆၉)နှစ်/(၂၂-၄-၂၀၁၃)မြစ်ကြီးနားမြို့။
သူရ(၇)ဖောင်ကြီး၊ သင်တန်းဆင်း ရဲအရာရှိ နှစ်ဦး ကွယ်လွန်သွားကြကြောင်း ကြားသိရသည့်အတွက် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ(၇) ဖောင်ကြီးသင်တန်းဆင်း**
**အရာရှိများနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)
### တော၀(၁၅)

မြောက်ပိုင်းခရိုင်၊ အုပ်ချုပ်ရေးမှူး ရန်ကုန်တိုင်းဒေသကြီး ၃၀-၄-၂၀၁၃ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အင်းစိန်မြို့နယ်လုံးဆိုင်ရာ**
**ပူးပေါင်းဆွမ်းလောင်းအသင်းကြီး(မိုဘိုင်းလ်)နှင့်**
**မြင့်မြတ်ပါရမီမျိုးဆက်သစ်စွမ်းရည်မြှင့်တင်ရေးဖောင်ဒေးရှင်း**

## ဝမ်းနည်းကြေကွဲခြင်း
### စလင်းမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်အုန်းကြည် (၉၃)နှစ်

ပါမောက္ခ ဒေါက်တာ ဦးသန်းအေး-ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အုန်းချစ် တို့၏မိခင်ကြီး ဒေါ်အုန်းကြည်သည် ၂၃-၄-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)
### တော၀(၁၅)
### ခရိုင်အုပ်ချုပ်ရေးမှူး
### မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၄၇)နှစ်

မကွေးမြို့၊ လေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်အောင်ဆန်းဝင်း၏ညီ ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၃၀-၄-၂၀၁၃ ရက်၊ နံနက် ၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးနေဝင်း(ထွေ/အုပ်)**
**ဗိုလ်မှူးကြီး အံ့ဇော်(တိုင်းဒေသကြီးဝန်ကြီး)**
**ဦးမောင်မောင်ဖြူတင့်(တိုင်းဒေသကြီးဥပဒေချုပ်)**
**ဦးမောင်မောင်အောင်(ညွှန်မှူး၊ တိုင်းစည်ပင်)**
**ဦးဝင်းနိုင်(ညွှန်မှူး၊ ဆည်မြောင်း)**
**ဦးသောင်းထိုက်(ညွှန်မှူး၊ ဆည်မြောင်း)**
**ဦးထင်ကျော်(တိုင်း၊ ကညန)**
**ဦးတင့်လွင်**
**ဦးသန့်ဇင်ဆွေ (စက်ရုံမှူး၊ ပွင့်ဖြူ)**
**ဒေါက်တာသန်းထိုက်ရှိန်**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဦးသိန်းထွန်း
### အသက်(၈၆)နှစ်

သူငယ်ချင်း ဒေါက်တာထွန်းဦးနှင့် ဒေါက်တာဆွေဆွေစိုးတို့၏ဖခင်ကြီး ဒေါက်တာဦးသိန်းထွန်းသည် ၁၂-၄-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**၇၂/၈၀ ဆေး-၂ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)
### အသက်(၄၇)နှစ်
### တော၀(၁၅)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအရာရှိနေအိမ်ဝင်းနေ ဒေါ်နှင်းဆီထွန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်ဝင်းထွန်း၊ မောင်အောင်ခန့်ဝင်းထွန်း (အထက-၁၊ ဒဂုံ)တို့၏မွေးသဖခင် ဒုတိယဗိုလ်မှူးကြီး ဦးအောင်ခိုင်ဝင်း(ငြိမ်း) အသက်(၄၇)နှစ်သည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(ရန်ကုန်)နှင့် ဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)
### အသက်(၄၇)နှစ်
### တော၀(၁၅)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအရာရှိ နေအိမ်ဝင်းနေ ဒေါ်နှင်းဆီထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်ဝင်းထွန်း၊ မောင်အောင်ခန့်ဝင်းထွန်း(အထက ၁၊ ဒဂုံ)တို့၏မွေးသဖခင် ဒုတိယဗိုလ်မှူးကြီး ဦးအောင်ခိုင်ဝင်း(ငြိမ်း) အသက်(၄၇)နှစ်သည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(တိုက်ကြီး)နှင့် ဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)
### အသက်(၄၇)နှစ်
### တော၀(၁၅)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအရာရှိ နေအိမ်ဝင်းနေ ဒေါ်နှင်းဆီထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်ဝင်းထွန်း၊ မောင်အောင်ခန့်ဝင်းထွန်း(အထက ၁၊ ဒဂုံ)တို့၏မွေးသဖခင် ဒုတိယဗိုလ်မှူးကြီး ဦးအောင်ခိုင်ဝင်း(ငြိမ်း)အသက်(၄၇)နှစ်သည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ**
**ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)
### အသက်(၄၇)နှစ်
### ခရိုင်အုပ်ချုပ်ရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်

ဦးအောင်ခိုင်ဝင်း(ဒုတိယဗိုလ်မှူးကြီး-ငြိမ်း) (ခရိုင်အုပ်ချုပ်ရေးမှူး၊ ရန်ကုန် မြောက်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး)သည် ၃၀-၄-၂၀၁၃ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇေယျာမောင်-ဒေါ်သိန်းသိန်းဦး**
**စိုးမိုးဆေးရုံမိသားစု၊ မိတ္ထီလာမြို့**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး) ဦးကျော်ထွန်းလတ်-ဒေါ်ဖြူဖြူမြင့် (လက်ထောက်မန်နေဂျာ၊ ဘဏ္ဍာရေး)တို့၏မိခင် ဒေါ်ကြည်ကြည်ထွန်း(ခ)ဒေါ်အုန်းကြည် အသက် (၈၃)နှစ်သည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထွေထွေမန်နေဂျာ(ဘဏ္ဍာရေး)နှင့်**
**အရာထမ်း၊ ဝန်ထမ်းများ၊ မြန်မာ့သစ်လုပ်ငန်း**
**ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန**

## အထူးကျေးဇူးတင်ရှိခြင်း

၁-၅-၂၀၁၃ရက် မွန်းလွဲ ၁း၄၀နာရီတွင် ကွယ်လွန်သွားသော ဒေါ်တင်တင်ဝင်း အသက် (၅၉)နှစ် (အောင်ပန်း)နာမကျန်းဖြစ်စဉ် အထူးကြပ်မတ်ဂရုတစိုက် ကုသပေးခဲ့သော တဆရ-၂ (ခုတင်-၅၀၀) တပ်မှူးခွဲစိတ်နှင့် ကင်ဆာပါရဂူ ဗိုလ်မှူးချုပ်စိန်လင်း၊ ဗိုလ်မှူးသူရိန်ကျော်မြင့်၊ ဗိုလ်မှူးထင်ဇံလင်းနှင့် အရာရှိ အရာခံ အကြပ် တပ်သားအားလုံး၊ နာရေးတွင် အဘက်ဘက်မှ ကူညီအားပေးခဲ့သော မိတ်သဂ်ဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း E-mail ဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း နှစ်သိမ့်အားပေးကြပါသော ပြည်တွင်း၊ ပြည်ပမှ မိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**ခင်ပွန်း-ဦးကံကြည်**
**သမီးကြီး ကိုဝေမိုးခိုင်-မသန္တာဝင်း**
**သမီးငယ် ကိုဝဏ္ဏဦး-မဖြူမာဝင်း**
**စမ်းချောင်း၊ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမိုးမြင့်အောင်
## အသက်(၅၂)နှစ်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်၏သား ဦးမိုးမြင့်အောင် အသက်(၅၂)နှစ်သည် ၅-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမိုးမြင့်အောင်
## အသက်(၅၂)နှစ်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၏သား ဦးမိုးမြင့်အောင် အသက်(၅၂)နှစ်သည် ၅-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း) (၄၇)နှစ်
**ခရိုင်အုပ်ချုပ်ရေးမှူး**
**ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူးဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)သည် ၃၀-၄-၂၀၁၃ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်ဇင်(ခ) Victor နှင့်**
**ဇနီး ဒေါ်တင်တင်ဝင်း**
**Fuji အလူမီနီယံမိသားစု၊ မိတ္ထီလာမြို့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလွင်မြိုင် (၆၈)နှစ်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်နေ (ဦးစိန်ထွန်း-ဒေါ်ရှိမြသွန်)တို့၏သား၊ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နေ (ဦးစံထွန်း)-ဒေါ်မညိုခိုင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၃၃)နေ ဦးဖြူသာထွန်း၏ အစ်ကို၊ ဦးထွန်းထွန်းနိုင်-ဒေါ်နှင်းအေးခိုင်၊ မသီတာခိုင်တို့၏ဖခင်၊ မောင်ကောင်းဇေယျ၊ မောင်ဘုန်းတေဇတို့၏ အဘိုး၊ ဒေါ်စံသိန်းဖြူ၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၅-၂၀၁၃ (စနေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း၊ ရေသန့်စက် အလှူရှင်
## ကိုအောင်မျိုးနိုင်(ခ) ကိုအောင်ဘုန်း
## အသက် (၄၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၃)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်နေ (ဦးအေးနိုင်)-ဒေါ်အေးသိန်းတို့၏သား၊ ဦးစံသိန်း-ဒေါ်လီတို့၏သားသမက်၊ အမေရိကန်နိုင်ငံနေ ဦးတင်ထွန်းနိုင်-ဒေါ်ညိုညိုလွင်တို့၏ညီ၊ ဦးအောင်မြတ်ထွန်း၊ ဒေါ်နီလာအေး၊ ဦးဝေလင်းနိုင်(ခ)ဦးကျော်ဇော-ဒေါ်ခင်စန္ဒာအေးတို့၏ အစ်ကိုလေး၊ ဒေါ်နီနီသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ မစုစု၏ ကျေးဇူးရှင်ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေး ဦးအောင်မျိုးနိုင်(ခ)ဦးအောင်ဘုန်းသည် ၄-၅-၂၀၁၃ရက် ဒေသစံတော်ချိန်နံနက် ၁း၅နာရီတွင် အမေ ရိကန်နိုင်ငံ တန်ပါမြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သဂ်ဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းထူး (၇၂)နှစ်
**ဒုတိယအထွေထွေမန်နေဂျာ**
**အင်/ယာ(ငြိမ်း)**
**မြန်မာ့သစ်လုပ်ငန်းမန်နေဂျာ**
**(စီမံရေးရာ)**
**K&L Co., Ltd.**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၆၄၈/၁၆၄၉)၊ဆပ်သွားဖူးလမ်း၊ (၅)ရပ်ကွက်နေ (ဦးသောင်း-ဒေါ်စန်းရီ)တို့၏သား၊ (ဦးချစ်ဟန်-ဒေါ်ခင်ခင်)တို့၏ သားသမက်၊ ဦးခင်မောင်ကြည်-(ဒေါ်ကြည်ကြည်)၊ (ဦးလှထွန်း-ဒေါ်မာမာရီ)တို့၏တူ၊ (ဦးညွန့်)-ဒေါ်ယဉ်ယဉ်ကြည်တို့၏မောင်၊ ဦးကျော်ညွန့်-ဒေါ်ခင်မေမြင့်၊ ဦးသော်တာ - ဒေါ်ယဉ်ယဉ်မြတို့၏ အစ်ကိုကြီး၊ မဟေသီဖြိုးဆင့်၊ မရှုမဝကြည်သာ၊ မပုဏ္ဏမိုးမြင့်၊ မသီတာ၊ ကိုဇော်ဝင်းမြင့်-မနီလာကျော်၊ မကလျာကျော်တို့၏ ဘကြီးသည် ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

## ဦးလှသောင်း(ခ)ဦးပါကြီး
## အသက်(၆၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်နေ (ဦးမြင့်ဆွေ-ဒေါ်နှင်းခင်)တို့၏သား၊ အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်ကွက်နေ (ဦးကြည်-ဒေါ်အေးသင်)တို့၏သားသမက်၊ ဦးမြသောင်း-ဒေါ်ခင်အေးတို့၏ ညီ၊ မသီတာထွန်း (MRTV)၊ တပ်ကြပ်ကြီးသန်းထွေး၊ မဖြူဖြူသွယ် (JANKO Super Market)၊ မောင်ထွန်းထွန်းလွင် (တပ်မတော်ဗိုလ်ရွေး)-မပပဇော်တို့၏ မွေးသဖခင်၊ ဒေါ်စန်းစန်းဝင်း၏ခင်ပွန်းသည် ၄-၅-၂၀၁၃(စနေနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဒေါ်လှမြဦး
## အသက်(၉၆)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ဆေးသမားရွာနေ (ဦးငွေပန်းအောင်)၏ ဇနီး၊ ဦးလှစိုးမောင်၊ ဦးစိုးလှညို၊ ဦးမောင်ဝေတင်(မြန်မာ့မီးရထား၊ အင်ဂျင်နီယာမှူး-ငြိမ်း)တို့၏မွေးသမိခင် ဒေါ်လှမြဦးသည် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ဆေးသမားရွာသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သဂ်ဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းရင်
## အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်ပျိုးမွေးမြူရေး(၁)ရပ်ကွက်၊ အမှတ်(၃၅၈)နေ (ဦးရဲလှ)၏ ဇနီး၊ ဒေါ်သန်းမှို၊ ဒေါ်သန်းအေးတို့၏ ညီမ/အစ်မ၊ ဦးခင်မြင့်-ဒေါ်မြင့်ထွေး၊ ဒေါ်စန်းစန်းရီ (အလပြ၊ အထက/စိုက်မွေး)၊ ဒေါ်ငွေငွေဝင်း(အထပြ၊ အထက-၂၊ တွံတေး)၊ (ဦးငွေအောင်)၊ ဒေါ်ကြူကြူမာ (စစစ၊ နေပြည်တော်)၊ (ဦးမြင့်အောင်)-ဒေါ်သီတာမြင့်၊ ဦးဇော်မင်း၊ ဦးကျော်သူရ-ဒေါ်မာလာသန်း၊ ဦးရဲစိုးလင်း-ဒေါ်ဖြိုးဖြိုးအောင်တို့၏ မွေးသမိခင် ကျေးဇူးရှင်သည် ၄-၅-၂၀၁၃ရက် ညနေ ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် လေးဒေါင့်ကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
## ဦးသံချောင်း (၈၅)နှစ်
**မိသားစု ကြက်မွေးမြူရေးနှင့်**
**ကြက်သားဖောက်လုပ်ငန်း(အင်းစိန်)**

၂-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၂၃) လှိုင်မြစ်လမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန် (သန့်စင်စတိုး)သို့ နံနက် ၇နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမဒေါ်စကီနာဘီ(ခ)
## ဒေါ်တင်ရီ (၇၈)နှစ်
**(မြောင်းမြ)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၃၆)၊ အလံပြဘုရားလမ်းနေ ဟာဂျီမွတ်စ်သကင်းမ်ခန်း၏ ဇနီး၊ ဟာဂျီဦးထွန်းဝင်း-ဟာဂျီမဒေါ်မာမာဝေ၊ ဦးနစင်းဘိုင်-ရဆူလ်ဘီ၊ ဟာဂျီစလင်း (ပန်းတနော်)-ဟာဂျီမလွဲလွဲဝင်း၊ ကိုဖာရွတ်၊ မစန္ဒာဝေတို့၏မိခင်၊ ဟာဂျီဦးနေလင်းထက်(S.C.E)-ဟာဂျီမ ဒေါက်တာဒေါ်ခိုင်မာဦး၊ ဟာဂျီမရှုမီလာ(ခေတ္တ-မလေးရှား)၊ ဟာဂျီရှမင်း၊ ဇိုဘိုင်း၊ ဖီရိုဇာ၊ စလင်းတို့၏အဘွား ဟာဂျီမဒေါ်စကီနာဘီသည် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အစွရ်နာမားဇ်အပြီးတွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖွာနာပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
## ဒေါ်ကြာဖံညို (၇၆)နှစ်
**(မြောင်းဘွေ၊ စစ်တွေ)**

(ဦးဘဖြူ ဒေါ်စိန်ကျော့ဦး)တို့၏ သမီး၊ (ဦးမောင်ဖြူ ဒေါ်ကြာညို)တို့၏ သမီးချွေးမ၊ ဦးကျော်သာ (ကုန်သည် စစ်တွေ)၏ဇနီး၊ ဦးစံညွန့်-ဒေါ်ခင်စောဝေ၊ ကိုမောင်ဝင်း - မဝေ (အထည်ဆိုင်၊ မင်္ဂလာဈေး)၊ (ဦးမောင်တင်ရွှေ)-ဒေါ်မနှင်းစိန်(ကုန်စုံဆိုင်၊ အာသောကဈေး)၊ ဦးစန္ဒာဝရ ဒေါ်မသန်းရွှေ-ဦးသန်းထွန်း (ကုန်သည်၊ မန္တလေး)၊ ဒေါ်သန်းသန်းငွေ-ဦးလှဝင်းမောင် (EE, MAERSK LINE)တို့၏ မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏ အဘောင်ရှင်သည် ၄-၅-၂၀၁၃(စနေနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃(တနင်္လာနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်ပါမည်။ [အမှတ်(၂၂)၊ အခန်း(၁၀၂)၊ မြမင်္ဂလာလမ်း၊ စစ်တောင်းရိပ်မွန်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သင်းသင်းဦး(ခ)ဒေါ်ဖြူဖြူ
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်(၃)ရပ်ကွက်၊ ဘိုခြံလမ်း၊ အမှတ်(၆၀၉)နေ (ယစ်မျိုးဝန်ဦးဘသင်-ဒေါ်ခင်သန်း)တို့၏သမီး၊ (မြူနီစီပယ်စက္ကရီတရီ ဦးဘဟန်-ဒေါ်ရွှေဆင်)တို့၏သမီး ချွေးမ၊ [ဗိုလ်မှူးကြီးညွန့်ဟန်(ငြိမ်း)]၏ဇနီး၊ [ဒေါ်ခင်သန်း (ဆလက-ငွေစာရင်း)] ရဲမှူးကြီးဦးခင်ဟန်(ငြိမ်း)-(ဒေါ်ခင်ဆွေမြ)၊ (ဒေါက်တာမြင့်အောင်)-ဒေါ်ဥမ္မာဟန်တို့၏ညီမ/အစ်မ၊ ဦးသင်းထွဋ်ဟန် (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်မာမာအောင်၊ (ဗိုလ်မှူးထူးအောင်ဟန်)-ဒေါ်ထွေးထွေးရီ (ဦးစီးအရာရှိ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာန)၊ ဦးငွေးဝင်းအောင် (အထွေထွေမန်နေဂျာ၊ အမှတ်-၂၄၊ အကြီးစားစက်ရုံ၊ ဒဂုံ)-ဒေါ်လှစန္ဒာဟန်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃-၅-၂၀၁၃ (သောကြာနေ့) ည ၁၁း၃၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၆နာရီ တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သင်းသင်းဦး(ခ)ဒေါ်ဖြူဖြူ
## အသက်(၇၆)နှစ်

ဗိုလ်မှူးသင်းထွဋ်ဟန်(ငြိမ်း)၊ (ဒုတိယ ညွှန်ကြားရေးမှူး) (ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်မာမာအောင်၊ ဗိုလ်မှူး ငွေးဝင်းအောင်(ငြိမ်း) (အထွေထွေ မန်နေဂျာ၊ အမှတ်-၂၄၊ အကြီးစားစက်ရုံ၊ ဒဂုံ)-ဒေါ်လှစန္ဒာဟန်တို့၏မိခင် ဒေါ်သင်းသင်းဦး(ခ) ဒေါ်ဖြူဖြူသည် ၃-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်သင်တန်းအမှတ်စဉ်(၆၄)**
**သူငယ်ချင်းမိသားစုများ**

## ဒေါ်စန်းရီ
## အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၃၄၀)နေ (ဦးမောင်တင်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးကျောင်းမောင်-ဒေါ်စောမြ)တို့၏ သမီးချွေးမ၊ [ဗိုလ်ကြီးစောအောင်(ဒု-ညွှန်မှူး၊ သ/မ ဝန်ကြီးဌာန-ငြိမ်း)]၏ ဇနီး၊ (ဦးစန်းမြင့်)-ဒေါ်သန်းနွဲ့၊ (ဦးတင်ရွှေ)-ဒေါ်ခင်မြိုင်တို့၏ ညီမ၊ ဦးဝင်းဦး(ဦး/ရှိ ပြည်တွင်းအခွန်)-ဒေါ်မီမီအောင်(လ/ထ ညွှန်မှူး၊ ပြည်တွင်းအခွန်)၊ ဗိုလ်မှူးအောင်နိုင်(ငြိမ်း) (မြို့နယ်အုပ်ချုပ်ရေးမှူး၊ သင်္ဃန်းကျွန်းမြို့နယ်၊ YESB ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)- ဒေါ်အေးအေးမော်၊ (ဗိုလ်ကြီးဇော်လင်းအောင်)-ဒေါ်ဥမ္မာခိုင် [အထက-ခွဲ၊ အမှတ်-၇၊ ရွှေပြည်သာ)၊ ဒေါက်တာရီရီအောင်(လ/ထ ကထိက၊ တောင်ကုတ်ကောလိပ်)၊ ဗိုလ်ကြီးအောင်ခိုင်မိုး(ငြိမ်း)-ဒေါ်ရီရီဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခြောက်ယောက်တို့၏ အဘွား ဒေါ်စန်းရီသည် ၅-၅-၂၀၁၃ ရက် ညနေ ၃း၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သဂ်ဟများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကျော်နု(ခ)ဦးလှမြင့်
## အသက်(၆၅)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ အရှေ့မော်ရွာနေ (ဦးဘိုးကျော်အောင်-ဒေါ်အေးချမ်းမ)တို့၏သား၊ ဒေါ်သန်းရွှေ၏ခင်ပွန်း၊ ဗိုလ်ကြီးခင်ဇော်-ဒေါ်သီတာဝင်း၊ မခင်စန္ဒာတို့၏ ဖခင်သည် ၃-၅-၂၀၁၃ (သောကြာနေ့) နံနက် ၈း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အမှတ်(၇၂)၊ (C-2)၊ စေတနာသုခလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်ရာဇာကျော်
## အသက်(၂၇)နှစ်

(ဦးရွှေဒေါင်းညို)-ဒေါ်စိန်ရင်၊ (ပုဂံမောင်ကိုဦး)-ဒေါ်မြတင်(ပုဂံစာအုပ်တိုက်)တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ်(၅၄)၊ (၄၄)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးကျော်စွာ(ချစ်ဦးညို)-ဒေါ်မြင့်မြင့်အေး(လက်ဘီပစာအုပ်တိုက်)တို့၏ သားငယ် မောင်ရာဇာကျော်သည် ၄-၅-၂၀၁၃ (စနေနေ့) နံနက် ၈း၄၅ နာရီတွင် မော်လမြိုင်မြို့ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် မော်လမြိုင်မြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သဂ်ဟအပေါင်းတို့အား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာမကြီးဒေါ်နုနုထွား
## အသက်(၈၂)နှစ်
**[ဒေါ်သာထက်ကျောင်း၊ စင်ထရယ်ကျောင်း အထက(၁)လှိုင်]**

အမှတ်(၁၅၇/A)၊ ဦးချိုလမ်း၊ (ကမာရွတ်) လှိုင်မြို့နယ်နေ (ဦးသာထွား-ဒေါ်သိန်း)တို့၏သမီး၊ (ဆရာကြီး ဦးဘသန်းတင်-ဒေါ်သန်းကြွယ်)တို့၏ သမီးချွေးမ၊ (ဦးကြည်တင် ATCO 1/DCA)၏ ချစ်လှစွာသောဇနီး၊ [ဦးလှမင်း (အင်/ယာချုပ်၊ မြန်မာ့လေကြောင်း-ဒေါ်ခင်ခင်သာ (MEIC)]တို့၏ အစ်မ၊ ဦးတင်မိုးကြည် (AMAS Shipping)-ဒေါ်သန်းသန်းဆင့်(ခ) CAROLINE၊ ဦးတင်စိုးကြည်တို့၏ချစ်လှစွာသောမိခင်၊ မောင်ညီဇေမိုး၏ချစ်လှစွာသောအဘွား၊ တူ/တူမ ၁၃ယောက်တို့၏အဒေါ်၊ မြေး ၁၆ယောက်တို့၏အဘွားသည် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် နေအိမ်၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၇-၅-၂၀၁၃(အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ [အမှတ်(၁၅၇/A)၊ ဦးချိုလမ်း၊ (ကမာရွတ်) လှိုင်မြို့နယ်နေအိမ်မှ ကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းထူး (၇၂)နှစ်
**ဒုတိယအထွေထွေမန်နေဂျာ**
**အင်/ယာ(ငြိမ်း)**
**မြန်မာ့သစ်လုပ်ငန်းမန်နေဂျာ**
**(စီမံရေးရာ)**
**K & L Co., Ltd.**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၁၆၄၈/၁၆၄၉)၊ ဆပ်သွားဖူးလမ်း၊ (၅)ရပ်ကွက်နေ ဒေါ်ခင်မေသန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမိုးဇော်ထူး-ဒေါ်ခင်ထိုက်ဦးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်အုပ်စိုးစံ၊ မအင်ကြင်းမေ၊ မအိမ့်မှူးခင်တို့၏အဘိုးသည် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သဂ်ဟများ သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကျော်ဇေမောင် (၂၄)နှစ်
**D.S.A(52), BC 57060**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၄၈၆)နေ ဦးသန်းနိုင် (ကပရ-အင်းစိန်) - ဒေါ်နွဲ့နွဲ့သောင်း (ဘဏ်ခွဲ-၁)တို့၏ သားကြီး၊ မမေသဲအောင်၏အစ်ကို ဗိုလ်ကျော်ဇေမောင်သည် ၄-၅-၂၀၁၃ရက် ညနေ ၃နာရီတွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၃(သောကြာနေ့)တွင် ပုဇွန်တောင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## မိုးကုတ်ယောဂီဦးသန်းမောင်(သက်န်းကုန်းရွာ)
## အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ သက်န်းကုန်းရွာနေ (ဦးစံငွေး-ဒေါ်သိန်းခင်)တို့၏သား၊ (ဦးထွန်း-ဒေါ်သိုက်)တို့၏သားသမက်၊ (ဒေါ်ခလေးမ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကြည်ဝင်း-ဒေါ်တင်စန်း(ထွန်းတောက်ဆေးဆိုင်၊ ရန်ကင်း)၊ အမှတ်(၁၆၂)၊ ပထမထပ်၊ (၄၈)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးတိုးတိုး-ဒေါ်ခင်စန်းရီ၊ ဦးတင်အောင်-ဒေါ်ညိုညို၊ [ဦးမြင့်အောင်(ခ)ဦးဥက္ကာ-ဒေါ်ခင်မော်မော်ဇော်(ခ)ဒေါ်ဂျူးဒီ]တို့၏ မွေးသဖခင်၊ ဗိုလ်မှူးအောင်ကိုဝင်း (ဒုတိယတပ်ရင်းမှူး)-ဒေါ်စုနန္ဒာဝင်း(ဦးစီးအရာရှိ ဓာတုဗေဒဝန်ရုံး)၊ Dr. အောင်ရဲနောင်ဝင်း (လက်ထောက်ဆရာဝန်၊ သင်္ဃန်းကျွန်းစံပြဆေးရုံကြီး)၊ မရွှေရည်မင်းဦး(ခေတ္တ-မလေးရှား)၊ မေမင်းမြတ် (XI-A၊ ထ-၅၊ ဗိုလ်တထောင်)၊ မဝင့်ဝါအောင် (3rd Yr, Civil, GTC)၊ မဝင့်ရွှေရည် (1st Yr, Law)၊ (မသဒ္ဒါမြင့်အောင်)၊ မောင်ဇွဲသူရိန်အောင်တို့၏ ချစ်လှစွာသောအဘိုးသည် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁း၂၅ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [(၄၈)လမ်း၊ ဗိုလ်တထောင်မြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၃(စနေနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမိုးမြင့်အောင် (၅၂)နှစ်
**ထုတ်ဝေသူ(မြန်မာစပို့စပယ်ရှယ်ဂျာနယ်)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၆၂)၊ ဘိုကလေးဈေးလမ်းနေ ဦးမောင်မောင်(ညွှန်ကြားရေးမှူး(ငြိမ်း)အကောက်ခွန်ဦးစီးဌာန၊ ဥက္ကဋ္ဌ ဇီဝိတဒါန သံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်း)-ဒေါ်လှတင့်(လယ်/စိုက်/ရှင်း၊ ငြိမ်း)တို့၏ သားလတ်၊ (၄၃)လမ်း၊ အမှတ်(၄၈)နေ [ဦးမျိုးမင်း (ဒု-လက်ထောက်ညွှန်ကြားရေးမှူး၊ စစစ)]-ဒေါ်ခင်စိန်ကြည်တို့၏ သားသမက်၊ ဒေါ်ခင်မျိုးအေး(ဦးစီးအရာရှိ ပြည်တွင်းအခွန်ဦးစီးဌာန၊ သာကေတမြို့နယ်)၏ ချစ်လှစွာသောခင်ပွန်း၊ မိုးပြည့်ခင်(ပီပီဘီကုမ္ပဏီ)၏ ဖခင်၊ ဦးအောင်မျိုးတင့်- ဒေါက်တာခင်မြင့်ဝေ၊ ဒေါ်ခင်မမအောင်တို့၏ညီ/မောင်၊ ဦးအောင်စိုးတင့် [အမှုဆောင်အရာရှိချုပ် (Five Great Service Co., Ltd.)-ဒေါ်သူဇာနိုင်၊ ဒေါ်တင်မမအောင်၊ ဒေါ်မိုမိုအောင် (Pretty Girl Fashion)တို့၏အစ်ကို၊ သူခင်၏ဘကြီး ဦးမိုးမြင့်အောင်သည် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၀၀း၃၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၅-၂၀၁၃(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း။ (၄၃ လမ်းနှင့် ဘိုကလေးဈေးလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊သိမ်၊ကျောင်း၊ဒါယကာကြီး
## ဦးဝင်းကျော်(ကမ္ဘ)
**(Super Bettery)**
## အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၆)လမ်း၊ အမှတ်(၂၆၁)နေ (ဦးတင်အေး-ဒေါ်ပို)တို့၏သားငယ်၊ ဒေါ်သန်းမြင့်၊ဦးထင်ကျော်-(ဒေါ်ခင်ခင်)၊ ဦးလင်းကျော်-ဒေါ်စိန်စိန်တို့၏မောင်/ညီ၊ ဒေါ်မြင့်မြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးတင်လှအေး-ဒေါ်မာမာဆွေ၊ ဒေါ်ညိုမီဝင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၃-၅-၂၀၁၃ ရက် နံနက် ၃း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နယ်ကျော်ညွန့်(ခ)
## ဦးသိန်းတန်ညွန့်(ဆန်နီ)
## အသက်(၆၂)နှစ်
**မြို့မကျောင်းသားဟောင်း**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/E)ရပ်ကွက်၊ ကော့သောင်းလမ်း၊ အမှတ်(၁၂၂၃)နေ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ မမေကြည်ဝေ (အထက်တန်းပြ)၏ဖခင်၊ (ပီတာကျော်ညွန့်)၊ ဘော်ဘီကျော်ညွန့်၊ ရှယ်လီကျော်ညွန့်၊ ဒေါ်လီကျော်ညွန့်၊ မယုယုဝင်း၊ မမို့မို့ဝင်းတို့၏အစ်ကိုကြီး ဦးသိန်းတန်ညွန့်သည် ၄-၅-၂၀၁၃(စနေနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၃(သောကြာနေ့) နံနက် ၇နာရီမှ ၁၂နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
## ဦးသက်တင် (၇၈)နှစ်
**(စခန်းမှူး-ငြိမ်း)**
**(ကျုံမငေး)**

ကျုံမငေးမြို့၊ ကျွန်းပြသာဒ်ကျေးရွာနေ (ဦးထွန်းဖေ-ဒေါ်စိန်ခင်)တို့၏သား၊ ကျုံမငေးမြို့၊ အမှတ်(၂၄)၊ သိရီဟေမာလမ်းနေ (ဦးစံဟိန်း-ဒေါ်ကျင်အိမ်)တို့၏ သားသမက်၊ ဒေါ်သန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအေးနိုင်-ဒေါ်ချောချော၊ ဦးတင်အောင်ဝင်း-ဒေါ်သင်းသင်းနွယ်(ကျောင်းအုပ်၊ ထ-ခွဲ၊ အလက-၁၊ ဝါးခယ်မမြို့နယ်)၊ ဦးဇော်နိုင်ဦး (မြို့နယ်အခွန်ဦးစီးမှူး၊ ဖလမ်း)-ဒေါ်အေးမိစံတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၄-၅-၂၀၁၃(စနေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကျုံမငေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

### ရဟန်း၊ကျောင်း၊တံတားဒါယိကာမကြီး
## ဒေါ်ခင်စမ်းကြည်
## အသက် (၆၅)နှစ်
**(ပဲခူး)**

ပဲခူးမြို့၊ သွန်းဘုရားလမ်း၊ အမှတ်(၂၉)နေ [ဦးစံရင်-ဒေါ်ဝက်(ဆင်အုန်းပင်)]တို့၏သမီး၊ (ဦးဘဝင်း-ဒေါ်အေးကြည်)တို့၏ သမီးချွေးမ၊ ဒေါက်တာဇင်ထက်ဦး (အထက-၃၊ ကျောင်းအုပ်)၊ ဒေါ်မိုးသီတာ၊ ဒေါ်မြဒါလီ (သရုပ်ပြ၊ ဓာတုဗေဒဌာန ဆေးတက္ကသိုလ်-၂)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးသက်ထွန်း၏ချစ်လှစွာသောဇနီး ဒေါ်ခင်စမ်းကြည်သည် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၄း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသဂ်ဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၃(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

# မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်း မေ ၈ ရက် ဖွင့်ရန်စီမံ၊ ထိုင်းနိုင်ငံသို့ လေးနာရီခရီးဖြင့် ကုန်သွယ်ကူးသန်းနိုင်မည်



သတင်း - ခိုင်ထူး «» ဓာတ်ပုံ - စတားဇော်လတ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းကို မေ ၈ ရက်တွင် ဖွင့်လှစ်တော့မည်ဖြစ်သည်။ မောတောင်နယ်စပ်စခန်းသည် တနင်္သာရီမြို့မှ ၇၂ မိုင်ကွာဝေးပြီး မြိတ်မြို့မှ ၁၂၂ မိုင် ၅ ဖာလုံကွာဝေးသည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းတွင် လုပ်ငန်းများ စတင်လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် စခန်းတာဝန်ခံ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော် ဦးဆောင်သည့် ဌာနဆိုင်ရာဝန်ထမ်း ၃၅ ဦးတို့သည် မြိတ်မြို့မှ မောတောင်နယ်စပ်စခန်းသို့ မေ ၄ ရက် နံနက်က သွားရောက်ကြပြီး ကုန်သွယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်သည်။ **(ဝဲပုံ)**

မောတောင်ကုန်သွယ်ရေးစခန်းဖွင့်လှစ်နိုင်ရန်အတွက် ယခင်နှစ်များကတည်းက တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ဒေသဆိုင်ရာအာဏာပိုင်များ၊ ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ မောတောင်ကျေးရွာ ပြည်သူများက ဆွေးနွေးညှိနှိုင်းစီစဉ်ဆောင်ရွက်ခဲ့ကြပြီး ယခုမှစတင်ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

မောတောင်ကုန်သွယ်ရေးစခန်းတွင် နယ်စပ်သွင်းကုန်၊ ထုတ်ကုန်တို့သာမက ကုန်သွယ်စီးပွားရေးဇုန်၊ စက်မှုဇုန်တို့ပါ တည်ဆောက်သွားမည်ဖြစ်သည်။ တနင်္သာရီ-မောတောင်လမ်းပိုင်းကို မြိတ်အများပိုင်ကုမ္ပဏီက ဘီအိုတီစနစ်ဖြင့် လေးလမ်းသွားမြေသားလမ်း **စာမျက်နှာ ၉ ကော်လံ ၆ သို့ ✳**

## ယနေ့ မာတိကာ


မွန်မြတ်သည့် စိတ်ထားဖြင့် လုပ်ကိုင်

စာမျက်နှာ - ၂

ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်းသုံးစွဲခြင်း၏ အန္တရာယ်များ

စာမျက်နှာ - ၆

အမျိုးသားရေးပန်းတိုင် အောင်မြင်ဖို့ လက်တွဲညီညာဆောင်ရွက်စို့

စာမျက်နှာ - ၈၊ ၉


# ရမည်းသင်းမြို့တွင် နယ်မြေခံတပ်နှင့် ပြည်သူများပူးပေါင်း၍ ကန်တူးဖော်

ရမည်းသင်း မေ ၅

ရေပိုမိုသိုလှောင်နိုင်စေရန်နှင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရန်အတွက် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ညောင်အိုင်ကျေးရွာတွင် အများသုံးကန်ကို စက်ယန္တရားကြီးများဖြင့် တူးဖော်လျက်ရှိရာ ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၃) စစ်အခြေခံလေ့ကျင့်ရေးတပ် တပ်မှူး ဗိုလ်မှူးကြီးမြင့်စိုး၊ အရာရှိ အရာခံအကြပ်တပ်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ယင်းကန်အတွင်း၌ စက်ယန္တရားဖြင့်တူးဖော်ပြီး ကျန်ရှိသောမြေစာခဲများကို ကန်ပေါင်ပေါ်တင်ခြင်း၊ ကန်ပေါင်မြေညှိခြင်း၊ လမ်းများမြေဖို့ခြင်းများစသည်တို့ကို စုပေါင်းလုပ်ဆောင်ခဲ့ကြသည်။ **(အောက်ပုံ)**

စုပေါင်းအင်အား ၅၀၀ ကျော်ခန့်ရှိကာ နယ်မြေခံတပ်မတော်သားများက မြေပေါက်ခြင်း၊ မြေထည့်ပေးခြင်းပြုလုပ်ကာ ဒေသခံများက တာခြင်းတောင်း၊ အိတ်များဖြင့် သယ်ယူကြသည်။ ကန်အတွင်းမှကန်ပေါင်ပေါ်သို့ နယ်မြေခံတပ်မတော်သားများနှင့် ပြည်သူများက ကန်ပေါင်အရပ်လေးမျက်နှာတို့တွင် လက်ဆင့်ကမ်း သယ်ယူကြသည်။ စုပေါင်းကန်တူးဖော်ရေးအဖွဲ့အားဒေသခံအလှူရှင်တို့က သောက်ရေ၊ စားစရာတို့ဖြင့် ကျွေးမွေးကြသည်။

ယင်းရွာတွင် အိမ်ထောင်စု ၅၂၀၊ လူဦးရေ ၂၈၆၈ ဦးနေထိုင်ကြသည်ဟု သိရသည်။ ကန်ကို ထပ်မံ၍ အနက် နှစ်ပေ တူးဖော်ခြင်းဖြစ်ပြီး ကန်မှာ ပေ ၃၃၀ × ၉၀ရှိသည်။ ယခုကဲ့သို့ ကန်ကို ပြန်လည်တူးဖော်ခြင်းဖြင့် သောက်သုံးရေ ယခင်ကထက် ပိုမိုသိုလှောင်နိုင်မည်ဖြစ်ပြီး သောက်သုံးရေပြတ်လပ်မှု မရှိနိုင်တော့သည့်အတွက် ဒေသခံများက ဝမ်းမြောက်ကြကြောင်း သိရသည်။

**(လှိုင်သန်းတင့်-ရမည်းသင်း)**





ဖွဲ့ကပင်အသင်းဘက်သို့ မကွေးတိုက်စစ်ဆင်နေစဉ်။

# ပယ်နယ်တီဂိုးများဖြင့် ဖွဲ့ကပင်နှင့်မကွေးတို့ သရေကျ

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန် မေ ၅

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မကွေးအသင်းနှင့် ဖွဲ့ကပင်အသင်းတို့ သရေကျသွားသည်။

(အောင်ဆန်းကွင်း)

မကွေး-တစ်ဂိုး (မူရီလို-ပယ်နယ်တီ)

ဖွဲ့ကပင်-တစ်ဂိုး (နာအူမော့စ်-ပယ်နယ်တီ)

မကွေးအသင်းနှင့် ဖွဲ့ကပင်အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုမှာ ပယ်နယ်တီဂိုးများဖြင့် သရေပွဲဖြစ်သွားသည်။ ဖွဲ့ကပင်အသင်း အမှတ်လိုနေသောကြောင့် ခပ်မာမာတုံ့ပြန်ကစားသွားရာ မကွေးအသင်း ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းနိုင်ခဲ့သော်လည်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မိနစ် ၅၀ တွင် တီမောလက်ရွေးစင်တိုက်စစ်မှူး မူရီလိုက **စာမျက်နှာ ၇ ကော်လံ ၆ သို့ ❖**

## ကြော်ငြာစာမျက်နှာ အပိုပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအပို လေးမျက်နှာ ပါရှိပါသည်။**

# ဆီးရီးယားလက်နက်သိုလှောင်ရုံများကို အစ္စရေးလေကြောင်းမှ တိုက်ခိုက်

အေ ဝမ်း စိုး

အစ္စရေးလေတပ်မှ တိုက်လေယာဉ်များက ယခုရက်များအတွင်း ဆီးရီးယားနိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ မေ ၅ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်အနီး ဂျမာရာစစ်ဘက်ဗဟိုဌာနရှိ လက်နက်သိုလှောင်ရုံများကို ဒုတိယအကြိမ်တိုက်ခိုက်ခဲ့ကြောင်း အနောက်တိုင်းထောက်လှမ်းရေးသတင်းအရင်းအမြစ်တစ်ခုက ပြောကြားသည်။

**စာမျက်နှာ ၇ ကော်လံ ၅ သို့ ❍**




